# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၀၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့်ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့်သက်ဆိုင်သော အများပြည်သူအသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆


ယနေ့ ဖတ် စ ရာ

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း — ဥပဒေ — စာ ၅

စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြု၍ စိန်ရတုစာပေဆုနှင်းသဘင်ကြီးကို ဂုဏ်ပြု — ဆောင်းပါး — စာ ၁၀

မျိုးဆက်သစ်အီးဗွီကားထုတ်လုပ်မည့်ရက်ကို တိုယိုတာ ရွှေ့ဆိုင်း — နိုင်ငံတကာသတင်း — စာ ၃၃

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆*ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြ အတည်ပြုပြဋ္ဌာန်းသွားရမည်ဖြစ်ကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရမည့်စီမံကိန်းများ၊ လုပ်ငန်းများအတွက် အသုံးစရိတ်များကို ကျခံသုံးစွဲရန် မူလခွင့်ပြုငွေဖြင့် မလုံလောက်ခြင်း၊ မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲမှု မပြုနိုင်ခြင်းစသည့် အခြေအနေများကြောင့် ထပ်မံလိုအပ်လာသည့်ငွေကိုသာ တောင်းခံရမည်ဖြစ်ကြောင်း၊ ဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲရမည်ဖြစ်သည့်အတွက် သုံးစွဲနိုင်မည့်ကာလသည် လေးလခန့်သာကျန်ရှိကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပြီး အချိန်မီပြီးစီးအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသုံးစရိတ်များ ပိုမိုသုံးစွဲနိုင်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ခြင်း၊ ပြည်တွင်းစားသုံးမှုအတွက်

- **ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလို**
- **အသုံးစရိတ်နှင့်ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်**

အထောက်အကူပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍ၏ ဝယ်လိုအားတိုးတက်စေနိုင်ခြင်းကြောင့် နိုင်ငံ့စီးပွားပြန်လည်တိုးတက်လာစေရေးအတွက် အစိုးရ၏ဦးဆောင်မှုနှင့် စီးပွားရေးအခြေအနေ ပြန်လည်နိုးထလာစေရန် ဆောင်ရွက်ခြင်းဟုလည်း ဆိုနိုင်ကြောင်း။

အချို့သောကိစ္စများကြောင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် နိုင်ငံတော်၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ဆက်စပ်နေသည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးလည်း ပြန်လည်ဦးမော့လာစေမည်ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုများ လျော့ချနိုင်ပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး နိုင်ငံတော်၏ငွေကြေးကဏ္ဍတည်ငြိမ်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုပေးလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုမည့်လုပ်ငန်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့်လုပ်ငန်းများတွင် ထိထိရောက်ရောက်ဖြစ်စေရေး ကြပ်မတ်စိစစ်သုံးစွဲကြစေလိုကြောင်း။

ထို့ပြင် နိုင်ငံ၏ဂျီဒီပီတိုးတက်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်ထားပြီးလည်းဖြစ်ကြောင်း၊ အသုံးစရိတ်နှင့် ဆက်စပ်နေသည့် GDP ရည်မှန်းချက်များကို ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေးကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်သို့တင်ပြခြင်းဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ရာမှာ သာမန်အသုံးစရိတ်အပိုင်း လိုအပ်ချက်များနှင့် မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ နိုင်ငံ့ဝန်ထမ်းများအား အပိုထောက်ပံ့ငွေများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့်အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့် အခြားဘေးအန္တရာယ်များကြောင့် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာ ပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထပ်မံထောက်ပံ့ပေးရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းရှိ ထောက်ပံ့ငွေစာရင်းတွင် ကျပ် ၂၇၅ ဘီလီယံခွင့်ပြုပေးခဲ့ကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေကြမ်းများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာအကြံပြုချက်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

### နိုင်ငံ့ GDP တိုးတက်ရေး

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံ့ GDP တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာ၌

*စာမျက်နှာ ၄ သို့*

# နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမိုအသုံးပြု၍ ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်






ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံအတွက်အခြေခံကျသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေးထွက်ကုန် စိုက်ပျိုးသီးနှံများပိုမိုထွက်ရှိ တိုးတက်လာမည်ဆိုပါက ၎င်းကိုအခြေခံသည့် စက်မှုကဏ္ဍကြီးသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍကြီးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးမြင့်လာမည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍကြီးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်သကဲ့သို့ ငွေကြေးစီးဆင်းမှုများပြားလာပြီး ဘဏ္ဍာရေးကဏ္ဍကလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကဏ္ဍများသည် တစ်ခုနှင့်တစ်ခုဆက်စပ်ချိတ်ဆက် တိုးတက်လာမည်ဖြစ်၍ အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို တိုးတက်စေရေး အားသွန်ခွန်စိုက်ဆောင်ရွက်ရန်လိုကြောင်း။

ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်တက်ခြင်းတို့ကိုအကြောင်းပြု၍ အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် အခြေခံလူတန်းစားများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကစားသုံးသည့် အသားများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတွင် အများစုကို ဒေသအလိုက်၊ နေရာအလိုက် အောင်မြင်စွာမွေးမြူနိုင်သည့်အခြေအနေများ ပိုင်ဆိုင်ပြီးဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကြမည်ဆိုပါက ဒေသတွင်းစားရေးဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ဒေသမျိုးများကိုပင် လှောင်မွေးစနစ်ဖြင့် စနစ်တကျမွေးမြူပါက တိုးတက်မှုများပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ ထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ အစာကျွေးမွေးမည်ဆိုပါက အောင်မြင်သည့်မွေးမြူရေးလုပ်ငန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ သက်သာချောင်ချိရေးကို အထူးအလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း။

### ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်

အလားတူ **စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်း သုံးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင် ဆောင်ရွက်နိုင်**ကြောင်း၊ **ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်စွမ်းအားတိုးမြှင့်ခြင်းသည် မူလရှိပြီးအခြေခံအပေါ် တိုးတက်အောင်ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေမြင့်မားသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ပြည့်ပြည့်ဝဝရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် ကြံဆဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း လေးခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေ စသည်တို့ကို ဒေသအလိုက်ပေါင်းစပ်အသုံးပြုရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

GDP တိုးတက်ရေးနှင့်ပတ်သက်၍ သစ်တောထွက်ကုန်တစ်ခုဖြစ်သည့် ဝါးကိုလည်း အဆင့်မြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ ဝင်ငွေများရရှိမည်ဖြစ်ကြောင်း၊ ပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် လေယာဉ်ကွင်းများ အဆင့်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးရထားလမ်းများ ပြန်လည်ပြုပြင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်၊ ကျဆုံးခဲ့ရသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်စဉ် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်၊ ကျဆုံးခဲ့ရသည့် အငြိမ်းစားဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားခွင့်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရေးတို့အတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိတက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများကိုလည်း ဆောင်ရွက်ပေးရန် လိုကြောင်း။

### ပဒေသာပင်မြေကြီးမပေါက်နိုင်၊ ပြည်သူနှင့်သက်ဆိုင်သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်

သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ လိုအပ်သည့်ဘတ်ဂျက်ငွေများကိုလည်း ချထားပေးသွားမည်ဖြစ်သဖြင့် ထည့်သွင်းတွက်ချက်ဆောင်ရွက်ရန် လိုကြောင်း၊ ဘတ်ဂျက်သုံးစွဲရာ၌ ငွေရှိမှသာ သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိမှသာလျှင် အခွန်အခများလည်း ရရှိမည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်မှုရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေနှင့် အခြားလိုအပ်ချက်များရှိပါက နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ **သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက်ဆောင်ရွက်ရန်** လိုကြောင်း၊ **ယခုဘဏ္ဍာနှစ်နှင့် နောင်လာမည့် ဘဏ္ဍာနှစ်များ၌ ပြည်သူလူထုနှင့်သက်ဆိုင်သော အများပြည်သူအသုံးပြုနိုင်သည့် အခြေခံလိုအပ်ချက်များကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖြည့်ဆည်းပေးနိုင်ရေးဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ပဒေသာပင်မြေကြီးမှမပေါက်နိုင်**ကြောင်း၊ **ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များအတိုင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အခြေခံထားသည့်အတွက် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး၊ နိုင်ငံ့စီးပွားရေးကို ပုံမှန်လည်ပတ်နိုင်ရေးမှတစ်ဆင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိ လစဉ်ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ အပြင် ထပ်မံပြီး ကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ထပ်မံတိုးမြှင့်ခံစားခွင့်ပြုခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး လက်ရှိ ပင်စင်ခံစားနေကြသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ လစဉ်ခံစားခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့တိုးပေးခဲ့သည့်အတွက် ထပ်မံလိုအပ်လာသည့် အပိုထောက်ပံ့ကြေးများကိုလည်း ဖြည့်စွက်ခွင့်ပြုငွေ ခွင့်ပြုပေးခဲ့ကြောင်း။

### ခတ်အားထုတ်လုပ်မှု အသုံးစရိတ်များတိုးမြှင့်

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်လည်း အဓိကကျသည့်အတွက် ပြည်သူလူထုကို တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သည့်အခါတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များကိုလည်း တိုးမြှင့်လျာထားပေးခဲ့ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ အသုံးစရိတ်များ သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရန်၊ လျာထားသည့်ရငွေများကိုလည်း ပြည့်မီရုံသာမက ကျော်လွန်ရရှိအောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ့ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၇ / ၂၀၂၄)**
**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**
**( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(ထ) **အသင်း**ဆိုသည်မှာ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေအရ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားသောစာရင်းပညာဆိုင်ရာ အမျိုးသားအဆင့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကိုဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်။"

၃။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |
| (င) | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်၊ စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | စီးပွားရေးတက္ကသိုလ်များမှ ၃ ဦးထက်မပိုသော ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (ည) | အသင်းမှ ကိုယ်စားလှယ် ၉ ဦး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဌ) | ၅ ဦး ထက်မပိုသော သင့်လျော်သည့် နိုင်ငံသားစာရင်းပညာရှင်များ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်(အမြဲတမ်းအတွင်းဝန်)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အတွင်းရေးမှူး |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာဖွံ့ဖြိုးရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး(၁) |
| (ဏ) | အသင်းအတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး(၂)" |

၄။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၂ တွင် –

(က) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဆ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၁) တွဲဖက်အတွင်းရေးမှူး(၁)"

(ခ) ပုဒ်မခွဲ (ဆ)၏နောက်၌ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"(ဇ) ကောင်စီတွဲဖက်အတွင်းရေးမှူး(၂) တွဲဖက်အတွင်းရေးမှူး(၂)"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တောင်ငူ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်း က တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့နယ် မဟင်ကျေးရွာအုပ်စု ကျွဲဘူးကျေးရွာ၌ ရာဂီမုန်တိုင်းကြောင့် ထိခိုက်သေဆုံးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်ခင်နှင်းဦးအား ဥစားကြက်နှင့် ဒေသကြက်ကောင်ရေ ၁၂၀၀၀ အား ပြန်လည်အစားထိုးပေးအပ်ခဲ့ပြီး ကြက်ခြံများအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကာ ဘဲမွေးမြူရေးလုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နှစ်ဆောင်မြိုင် – ရွာတန်းရှည်လမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၉၀ ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်



စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် Kanbawza Pathfinder Industries Ltd မှ တောင်ငူ – ရေတာရှည်လမ်းပိုင်းတွင် ရေကျော်ခဲ့သည့် မိုင်တိုင်အမှတ်(၁၆၀/၀)မှ (၁၆၃/၇)အထိ ၂၄ ပေအကျယ် ၁ ပေအမြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် မဟင်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် သီးထပ်ဧက တိုးတက်စေရေး ချောင်းဖြူချောင်း တူးဖော်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါး နှစ်သီး စံပြကွက် ဧက ၂၀၀ စိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှု အားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တောင်ငူမြို့ ထီးလှိုင်ပန်းခြံဆောက်လုပ်နေမှုနှင့် ကေတုမတီရှေးဟောင်းကျုံးမြောက်ဘက်မြို့ရိုး ဖော်ထုတ်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ငူမြို့ အမှတ်(၁) လမ်း၌ MSME ဒေသထုတ်ကုန်များ အရောင်းစင်တာ ဖွင့်လှစ်မည့် ဆိုင်နေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ခပေါင်းတိန်ကျေးရွာ တစ်ကွင်းတစ်ဆက်တည်း မတ်ပဲစံပြစိုက်ခင်းဧက ၂၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သီတဂူဗုဒ္ဓတက္ကသိုလ် (တောင်ငူ) သို့ သွားရောက်ပြီး သီတဂူဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အား ဖူးမြော်ခဲ့ကာ ကုသိုလ်ဖြစ် ဆေးရုံတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သားဖွားဆရာမများ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ အသင်းပိုင်သားဖွားခန်းများမှ သားဖွားဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်မွမ်းမံသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကကြီး ဒေါ်မော်မော်သန်းနှင့်အဖွဲ့က သင်တန်းသူ သားဖွားဆရာမများကို နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄/ ၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၄ /၂၀၂၄) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာ စကား ပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

**ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျှင်မြန်ချောမွေ့စေရေး**

ဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌက ဗဟိုကော်မတီအနေ နှင့် ပြည်ပကုန်သွယ်မှု လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင် ရေးအတွက်ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ မြန်မာ–ထိုင်းနယ်စပ် (ရန်ကုန် – ကော့သောင်း–ရနောင်း) ကမ်းရိုးတန်း ဆိပ်ကမ်းမှ ကွန်တိန်နာစနစ်ဖြင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေးကိစ္စများ၊ ကွန်တိန်နာများ လွယ်ကူမြန်ဆန်စွာ ရှင်းလင်းထုတ်ပေး ရေးနှင့်ပို့ကုန်ရငွေများ အချိန်မီပြန်လည် ဝင်ရောက်ရေး၊ စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးမှုကိစ္စများနှင့် တရား မဝင် စက်သုံးဆီများ ဖမ်းဆီးရမိမှု၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးမှု ကိစ္စရပ်များနှင့် CMP လုပ်ငန်းများ ပိုမို တင်ပို့နိုင်ရေး ကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်နေကြောင်း။



**နိုင်ငံခြားသုံးငွေများ ပိုမိုဝင်ရောက်လာမည်**

ပို့ကုန်တန်ဖိုးမှာ သွင်းကုန်တန်ဖိုး ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုတန်ဖိုးအရ ပိုငွေ (Trade Surplus) ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ဆောင် ရွက်နိုင်ခဲ့သော်လည်း CMP ပို့ကုန် ဆောင် ရွက်နိုင်မှုတွင် ကာလတူနှိုင်းယှဉ်ပါက လျော့နည်းသွားသည့်အတွက် ပို့ကုန်ပိုမို ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများက ယခုထက်ပိုမို ပေါင်းစပ်ညှိနှိုင်းပေးစေလို ကြောင်း၊ ပြည်ပပို့ကုန် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ပိုမိုတိုးမြှင့်တင်ပို့ နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန များနှင့် UMFCCI၊ MRF တို့အပြင် ညီနောင် အသင်းအဖွဲ့များကပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး ဈေးကွက်အသစ်များ ရှာဖွေနိုင်မှသာ ပြည်ပပို့ကုန်များ တိုးတက်တင်ပို့လာနိုင် ပြီး နိုင်ငံခြားသုံးငွေများ ပိုမိုဝင်ရောက် လာမည်ဖြစ်ကြောင်း။

နယ်စပ်ကုန်သွယ်မှုနည်းလမ်း (Border Trade Method) ဖြင့် (ရန်ကုန်–ကော့သောင်း – ရနောင်း) နှင့် (ရနောင်း–ကော့သောင်း–ရန်ကုန်) သို့ ကွန်တိန်နာ စနစ်ဖြင့် တင်ပို့/တင်သွင်းခြင်းအား မြန်မာ့စက်မှုဆိပ်ကမ်း (MIP) နှင့် The Myanmar Terminal (TMT) ဆိပ်ကမ်း များတွင် ၂၀၂၄ ခုနှစ် ဇွန်လမှ စတင် ဆောင်ရွက်ခဲ့ရာ တင်ပို့မှုနှင့် တင်သွင်း မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယာယီ အပြည်ပြည်ဆိုင်ရာ ကုန်တင်/ကုန်ချ ဆိပ်ကမ်းများတွင် ၂၀၂၄ ခုနှစ် အောက် တိုဘာလအထိတန်ဖိုးအမေရိကန်ဒေါ်လာ ၅၉ ဒသမ ၉၉၆ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ရေချိုငါးတင်ပို့နိုင်မှုအနေဖြင့် အောင် မင်္ဂလာဆိပ်ကမ်းမှ ၂၀၂၄ ခုနှစ်၊ မတ်လမှ စ၍ ပို့ကုန်သင်္ဘော ၁၇ စင်း၊ ရေချိုငါး ၁၇၆၇ ဒသမ ၈၂၉ တန် တင်ပို့နိုင် ခဲ့ကြောင်း။

ပို့ကုန်အတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာ လုံလောက်မှုရှိစေရန် အကောက်ခွန်ဦးစီးဌာန၏ ကုန်လှောင်ရုံ ဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြု ပေးခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မတ်လမှ နိုဝင်ဘာလအထိ သက်ဆိုင်ရာ Bonded Terminal များမှ ကုန်သေတ္တာ စုစုပေါင်း ၂၇၉၉ လုံး ပြန်လည်ထုတ်ပေးနိုင်ခဲ့ ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ်၊ မတ်လမှ အောက်တိုဘာလအထိ ဆိပ်ကမ်း၊ ကုန်းတွင်းကုန်သေတ္တာစခန်းတို့မှ စုစုပေါင်း ကုန်သေတ္တာ ၁၉၁၃၈၇ လုံး ထုတ်ပေး နိုင်ခဲ့ကြောင်း။

ပို့ကုန်ရငွေ ဝင်ရောက်ရန် ကျန်ရှိ သည့်ကုမ္ပဏီများ၏ အခက်အခဲများကို တာဝန်ရှိသူများက စဉ်ဆက်မပြတ်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ပြီး ကူညီဆောင် ရွက်ပေးနေကြရမည် ဖြစ်ကြောင်း၊ အဆက်အသွယ်မရသည့် ကုမ္ပဏီများ နှင့် ဝန်ခံကတိပြုထားပြီး ပေးသွင်းရန် ပျက်ကွက်နေသည့် ကုမ္ပဏီများကို သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်း များအတိုင်း အဆင့်ဆင့် အရေးယူ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**ပညာပေးလုပ်ငန်းများဆောင်ရွက်**

၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း စက်သုံးဆီ ပြည်တွင်းဖူလုံမှုရှိစေရန် ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်းတန်ချိန် ၄၃၂၆၇၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၃၇ ဒသမ ၆၃ သန်း တင်သွင်းနိုင်ခဲ့ ကြောင်း၊ တရားမဝင်စက်သုံးဆီ ဒီဇယ်၊ ဓာတ်ဆီ စုစုပေါင်း ၄၅၄ တန် ဖမ်းဆီး ရရှိခဲ့သဖြင့် သက်ဆိုင်ရာဥပဒေများနှင့် အညီ အမှုဖွင့် အရေးယူဆောင်ရွက်နိုင် ခဲ့ကြောင်း၊ စက်သုံးဆီ မီးလောင်မှုဖြစ်စဉ် များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများက ပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန် ပေးလျက်ရှိပြီး စားသုံးဆီဈေးကွက်/ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် သက် ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ စားအုန်းဆီတင် သွင်းသည့်ကုမ္ပဏီများက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာ လက်လီ လက်ကား ကိုယ်စားလှယ်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် အစီ အစဉ်ကို ၂၀၂၄ ခုနှစ် ဇွန် ၃ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ လက်ရှိရည်ညွှန်းဈေးအား အပတ်စဉ် တနင်္လာနေ့တွင် ပေါက်ဈေး နှင့် အနီးစပ်ဆုံးဖြစ်စေရေး တွက်ချက် ထုတ်ပြန်ကြေညာ ပေးလျက် ရှိကြောင်း။

CMP သွင်းကုန်ပို့ကုန်လုပ်ငန်းများ၊ CMP ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်း၊ လုပ်ငန်းသုံး စက်ပစ္စည်းများနှင့် စက်အပို ပစ္စည်းများ တင်သွင်းခြင်းတို့ကို လွယ်ကူ ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း၊ CMP ပို့ကုန်အမှာစာများ ပုံမှန် ရရှိရေးအတွက် လုပ်ငန်းရှင်များ၊ အသင်း အဖွဲ့များဘက်က ကြိုးပမ်းအားထုတ်ရန် လိုအပ်သကဲ့သို့ ပြည်ပရှိစီးပွားရေး သံမှူး များမှတစ်ဆင့် ကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းဆွေးနွေး တင်ပြ မှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဲ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တင်ဆက်မည့် အစီအစဉ်လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဲသည် အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် တည်းခိုရေးစခန်း ရွာတော်သို့ ရောက်ရှိပြီး ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်တင်ဆက်မည့် “ခေတ် ၆ ခေတ်” ယိမ်း အကလေ့ကျင့်နေမှု ကို ကြည့်ရှုစစ်ဆေးကာ အားပေး စကားပြောကြားသည်။

**ဇာတ်တိုက်လေ့ကျင့်**

အဆိုပါ “ခေတ် ၆ ခေတ်” ယိမ်းအကကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အနု ပညာဦးစီးဌာနမှ အနုပညာရှင် ၇၅ ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) မှ အင်အား ၁၀၀၊ အမျိုးသားယဉ်ကျေး မှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ အင်အား ၅၀၊ အနု ပညာ အထက်တန်းကျောင်း (ရန်ကုန်) မှ ၂၅ ဦး၊ အနုပညာ အထက်တန်းကျောင်း(မန္တလေး) မှ ၂၅ ဦးနှင့် ကရင်ပြည်နယ်မှ ကျောင်းသူ ၂၅ ဦး စုစုပေါင်း အင်အား ၃၀၀ ဖြင့် တင်ဆက်ကပြ သွားရန် ဇာတ်တိုက်လေ့ကျင့် လျက်ရှိသည်။

**သင်ကြားပေးလျက်ရှိ**

အဆိုပါ “ခေတ် ၆ ခေတ်” ယိမ်းအကတွင် ပျူခေတ်၊ ပုဂံ ခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင် ခေတ်၊ ရတနာပုံခေတ်နှင့် မျက် မှောက်ခေတ်တို့ပါဝင်ပြီး တစ်ခေတ် စီ၏ ကကြိုးကကွက်နှင့် တီးလုံး



အပြင် အဆိုပါခေတ်၏ သင်္ကေတ ပုံဖော်မှု ဒီဇိုင်းများပါဝင်၍ ဇာတ် တိုက်လေ့ကျင့်မှုများကို အမျိုး သားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) မှ ဒုတိယ ပါမောက္ခချုပ် (သင်ကြား) က ကြီးကြပ်တာဝန်ယူ သင်ကြားပေး လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး အပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ခဲ့ကြပြီး ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်း ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံ အကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်အားကစားအဖွဲ့ကို အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက် ယှဉ်ပြိုင်မည့် နေပြည်တော် အားကစားအဖွဲ့အား အောင်နိုင် ရေးအလံပေးအပ်ခြင်းနှင့် ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည် တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နေပြည်တော် အားကစားနှင့် ကာယပညာ ကော်မတီ နာယက၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူး များ၊ ဌာနဆိုင်ရာများ၊ အားကစား နည်းကြီးကြပ်သူနှင့် တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက် ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ နေပြည်တော်အားကစား နှင့် ကာယပညာကော်မတီ နာယက၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်တွင် နေပြည် တော် အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ရာတွင် အားကစား နည်းအလိုက် အားကစား စိတ်ဓာတ်အပြည့်ဖြင့် ရေကုန် ရေခန်း အားထုတ်ကြိုးပမ်းယှဉ်ပြိုင် ကြစေလိုကြောင်း၊ ပြိုင်ပွဲတိုင်းတွင် အနိုင်ရရှိပြီး နေပြည်တော်ဂုဏ် ကို မြှင့်တင်ပေးနိုင်ရုံမျှမက နိုင်ငံ့ ဂုဏ်ဆောင် အားကစားသမား များဖြစ်အောင် စွမ်းစွမ်းတမံ ကြိုးစားသွားကြစေလိုကြောင်း၊ အားကစားနည်းအလိုက်အောင်မြင် မှုများ ရရှိပါက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ် ကြောင်း၊ အမျိုးသားအားကစား ပွဲတော်တွင် ယှဉ်ပြိုင်အောင်နိုင် ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

**အောင်နိုင်ရေးအလံပေးအပ်**

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက အောင်နိုင်ရေး အလံနှင့် ပြိုင်ပွဲဝင်ကုန်ကျစရိတ် ထောက်ပံ့ငွေကျပ် ၄၃၅၄၆၃၀၀၀ တို့ကို နေပြည်တော်အားကစား နှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး နှင့် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးခင်ဇော် တို့ထံ ပေးအပ်သည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည် တော် အားကစားအဖွဲ့များမှ အားကစားသမားများ၊ တက် ရောက်လာကြသူများ၊ အားကစား နည်းကြီးကြပ်သူနှင့် တာဝန်ခံများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နေပြည်တော်အနေဖြင့် အားကစား နည်း ၂၃ မျိုးကို အားကစားသမား စုစုပေါင်း ၃၄၇ ဦး၊ အဖွဲ့ခေါင်းဆောင် ၄ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၉၆ ဦး၊ ဒိုင် သုံးဦး၊ စုစုပေါင်း ၄၅၀ တို့ဖြင့် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီအမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား များအား ဥပဒေနှင့်အညီ အမြန်ဆုံး အရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေး လုပ်ငန်းကော်မတီ နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများ၊ သံတမန်များအကြား တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်း တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား များအား ဥပဒေနှင့်အညီ အမြန် ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်း ရေးမှူးများ၊ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန် များ တက်ရောက်ကြပြီး ကရင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဆပ်ကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ဒုတိယ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။




ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး Online မှတစ်ဆင့် လိမ်လည်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေ ကြသည့် နိုင်ငံခြားသားများကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ လူသား ချင်း စာနာထောက်ထားမှုတို့ အပေါ်အခြေခံ၍ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ သက်ဆိုင် ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင် လွှဲပြောင်းနိုင်ရေး စိစစ်ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သည့် နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်း အခက်အခဲ များ ကြုံတွေ့နေရသဖြင့် ရှာဖွေ ကူညီကယ်တင်ပေးခဲ့သည့် နိုင်ငံ ခြားသား စုစုပေါင်း ၁၂၄၂ ဦး ရှိပြီး ၎င်းတို့ကို လုပ်ထုံးလုပ်နည်း နှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းဆောင်ရွက်ပေး လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေး လုပ်ငန်း ကော်မတီအဖွဲ့များနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံး များမှ သံရုံးအကြီးအကဲများနှင့် သံတမန်များအကြား နိုင်ငံခြား သားများကို ရှာဖွေကူညီကယ်တင် ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင် လွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ရင်ဆိုင် ကြုံတွေ့နေရသည့် အခက်အခဲ များနှင့် ဖြေရှင်းဆောင်ရွက်နိုင် မည့် နည်းလမ်းများကို ရင်းနှီး ပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားကျင်းပရေး အကြိုလေ့ကျင့်နေမှုများနှင့် ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့သည် ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ အတွက် အကြိုလေ့ကျင့်နေမှုများနှင့် ပြင်ဆင်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင် ဖွင့်ပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားအတွက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့၏ လေ့ကျင့်မှုများကိုလည်းကောင်း၊ အ.ထ.က(၆) ဇမ္ဗူသီရိတွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး၏ လေ့ကျင့်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်း LED တပ်ဆင်နေမှု၊ မီးစနစ်များတပ်ဆင်နေမှုနှင့် အသံစနစ်များ တပ်ဆင်နေမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးရေးတို့အတွက် ဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့် အကအဖွဲ့များနှင့် ဝန်ကြီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/ အားကစားရုံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲကွင်း ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ နောက်ခံဆိုင်းဘုတ်ဗီနိုင်း တပ်ဆင်ထားရှိမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလံများ တပ်ဆင်ပြီးစီးမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ လျှာထိုးကြမ်းခင်း ခင်းကျင်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အလေးမအားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့် စနူကာအားကစားရုံ၊ တင်းနစ်ပြိုင်ပွဲကွင်း၊ အားကစားလေ့ကျင့်ရေးခန်းမ (၃) တွင် ကရာတေးဒို၊ တိုက်ကွမ်ဒိုပြိုင်ပွဲရုံများ၏ ပြိုင်ပွဲကွင်း/ပြိုင်ပွဲရုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် လစ်ဟင်းမှုများ မရှိစေရေး၊ အမျိုးသားအားကစားပွဲတော် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၂၅၀၀ ကျော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၆၆၀၀ ကျော်၊ မသန်စွမ်း အားကစားနည်း လေးနည်း၌ အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၁၄၀ ကျော် စုစုပေါင်း အင်အား ၉၂၀၀ ကျော် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့် ဖြစ်ပါသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် နောက်နှစ်ရက်အတွင်း သီရိလင်္ကာနိုင်ငံ ကမ်းခြေအနီးမှ ဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ၂၈-၁၁-၂၀၂၄ ရက်နေ့မှ ၃၀-၁၁-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။

**မိုး/ဇလ**

❏ *ကျောဖုံးမှ*

ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံး နှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ကိုးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ကစားခွင့်ရရှိသည့် အိမ်ရှင်တရုတ်၊ အီရန်၊ ဂျပန် အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အုပ်စု (D) ပွဲစဉ်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇန်နဝါရီ ၁၅ ရက် တွင် ဗီယက်နမ်အသင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် တရုတ်(တိုင်ပေ)အသင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် မကာအိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲ အုပ်စု (A) ကို ထိုင်းနိုင်ငံ၊ အုပ်စု (B) ကို အင်ဒိုနီးရှားနိုင်ငံနှင့် အုပ်စု (C) ကို ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အသိပညာပေး Talk Show ပြုလုပ်

**ပုသိမ် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

အသိပညာပေး Talk Show တွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသူရဖြိုး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုသိမ်ခရိုင်ရုံး ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ကမ္ဘာ့ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်၊ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်ရသည့်အကြောင်းရင်းနှင့် ဖြစ်ပေါ်လာနိုင်မည့် ဆိုးကျိုးများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Dusit Manapan နှင့် အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုချဲ့ထွင်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းပြည်ပခရီးသွားများ သွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်တွင်းပြည်ပ ခရီးသွားများ သွားလာနေထိုင်သည့် နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်ရေး လုပ်ငန်း ဆောင်ရွက်ရန်အတွက် သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

**ရောဂါကြောင့်သေဆုံးမှုများ**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် အချက်အလက်များအရ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ရောဂါ၊ ကင်ဆာရောဂါ အစရှိသည့် Non Communicable Diseases ခေါ်သည့် မကူးစက်နိုင်သော ရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၄၁ သန်းကျော် သေဆုံးနေရပါကြောင်း၊ သေဆုံးမှုများသည် တစ်ကမ္ဘာလုံးတွင် သေဆုံးမှုများ အားလုံး၏ ၇၄ ရာခိုင်နှုန်းကျော် ရှိနေသည်ကိုတွေ့ရှိရပြီး အရွယ်မတိုင်မီသေဆုံးမှုများအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်အလွန်အကျွံ သောက်သုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းနှင့် လေထုညစ်ညမ်းခြင်းသည် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်းများဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်၍ရသည့် အကြောင်းအရင်းများ ဖြစ်သည်ကိုလည်းတွေ့ရှိရပါကြောင်း။

ကမ္ဘာ့တစ်ဝန်းတွင် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုတစ်မျိုးတည်းကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပြီး အဆိုပါ ရှစ်သန်းကျော်ထဲမှ လူဦးရေ ၁ ဒသမ ၂ သန်းသည် ကိုယ်တိုင်ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့်မဟုတ်ဘဲ တခြားသူသောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ (Second-hand smoke) ကြောင့် ရောဂါဖြစ်ပွားပြီး သေဆုံးနေရကြောင်းနှင့် အများစုသည် အမျိုးသမီးနှင့် ကလေးများဖြစ်နေကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုကြောင့် သေဆုံးရမှုများသည် ဝင်ငွေ အလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများတွင် အများစုဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လေ့လာဆန်းစစ်ခြင်း သုတေသနအရ မြန်မာနိုင်ငံတွင်ဆေးလိပ်သောက်သုံးသူ ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ ယခု ၂၀၂၄ ခုနှစ်တွင် အဆိုပါ လေ့လာဆန်းစစ်ခြင်း သုတေသနကို ထပ်မံဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။



**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ပြည်တွင်းပြည်ပ ခရီးသွားများစွာ သွားလာနေထိုင်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင်လုပ်ငန်း ဆောင်ရွက်ရန်အတွက် တက်ရောက်လာကြသူများက ဆွေးနွေးသုံးသပ်ခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေမူကြမ်း စိစစ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ Myanmar Hotelier Association၊ အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာမဟာမိတ်အဖွဲ့နှင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု အဆိုပြုလျှောက်ထားခဲ့သည့် အထက်တန်းအဆင့် ကျောင်း ၁၅ ကျောင်း၊ အလယ်တန်းအဆင့် ကျောင်း ခုနစ်ကျောင်းနှင့် မူလတန်းအဆင့် ကျောင်း ၁၂ ကျောင်း စုစုပေါင်း ကျောင်း ၃၄ ကျောင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီးပညာရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာ ချိုချိုမြတ်အောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးတို့က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုပါဝင်ယှဉ်ပြိုင်သည့် အခြေခံပညာကျောင်း စုစုပေါင်း ၃၄ ကျောင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး၊ ဆုံဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးဌာနသည် ယနေ့ နံနက်ပိုင်းက ချမ်းမြေ့သာယာ(အ.မ.က) နှင့် မင်းကျောင်း(အ.မ.က) တို့၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေး (DT) နှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံပေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူးမင်းလွင်၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစန်းဝင်း၊ အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေး၍ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြု၍ စိန်ရတုစာပေဆုနှင်းသဘင်ကြီးကို ဂုဏ်ပြု

မောင်ငြိမ်းအေး

**နိုင်ငံတော်နှင့် ပြည်သူများအတွက် ကောင်းကျိုးဖြစ်ထွန်းရေးအတွက်လည်းကောင်း၊ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်လာရန်အတွက်လည်းကောင်း ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုပြီး ၁၉၄၄ ခုနှစ်မှစတင်၍ စာဆိုတော်နေ့ အခမ်းအနားများ ကျင်းပလာခဲ့ရာ ယခုအခါ နှစ်ပေါင်း ၈၀ တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စာပေအမျိုးမျိုးတို့ကို ပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသလို စာပေပညာရှင်ကြီးများကို အားပေးချီးမြှင့်ပေးသည့် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်း လူပုဂ္ဂိုလ်များ၏ စေတနာများမှာ မြန်မာစာပေရှင်သန်ဖွံ့ဖြိုးစေသည့် အဓိကကျသည့် အကြောင်းရင်းဖြစ်သည်ဟု ရှုမြင်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို၌ာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြစဉ်။ (၁၄-၁၂-၂၀၂၃)

### စိန်ရတုစာပေဆုနှင်းသဘင်

စာပေသည် ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းတရားဖြစ်သည်။ စာပေသည် အတွေးအခေါ်၊ အယူအဆ စိတ်ဓာတ်ခွန်အားများ ရှင်သန်ဖွံ့ဖြိုးရာ အရင်းအမြစ်ဖြစ်သည်။ စာပေသည် မြန်မာ့ယဉ်ကျေးမှုအနုပညာ အသီးသီး ဖြာထွက်ရာ ပင်မ မဏ္ဍိုင်ဖြစ်သည်။ စာပေ အကျိုးကျေးဇူးများမှာ ကျယ်ပြန့်နက်ရှိုင်းလှသည်။ ခေတ်အဆက်ဆက်အစိုးရများက မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်ကိုးပြီး စာဆိုတော်ကြီးများ၏ စာပေလက်ရာမွန်တို့ကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိရာ ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုစာပေဆုနှင်းသဘင်ကာလသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာတို့သည် အရေးပါသကဲ့သို့ ဉာဏပိုင်းဆိုင်ရာတို့သည်လည်း ထပ်တူအရေးကြီးသည်။ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိကကျသည့် စံနှုန်းများကို အခြေခံထားသည်။ စာပေသည် **"ခေတ်၏ကြေးမုံ"** ဟု ပညာရှင်များက ကမ္ပည်းတပ်ကြသည်။ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက် ကြေးမုံပြင်တွင် အထင်အရှား ကျန်ရစ်နေဆဲဖြစ်သည်။ ပြည်သူများကို ခေတ်အဆက်ဆက် အကျိုးပြုလျက်ရှိသည်။

### စာဆိုတော်ကြီးများ၏ ကျေးဇူး

ထို့ကြောင့် စာပေသည် လူမျိုး၏ ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုရမည်ဖြစ်သည်။ စာအုပ်စာပေမျိုးစုံတို့သည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ကြောင်း စာပေအမျိုးမျိုးတို့က ညွှန်းဆိုဖော်ပြလျက်ရှိသည်။ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဟု ပြောဆိုကြရသည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးလျက်ရှိသည်။ **"ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပျောက်မည်"** ဆိုသည့်သတိပေးဆိုရိုးစကားအတိုင်း သိရှိလိုက်နာပြီး ယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် စာပေဖြင့် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အခိုင်အမာအသိပေးပြောဆိုလိုပါသည်။

မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့သည့် သမိုင်းအထောက်အထားများရှိသည်။ စာပေရေစီးကြောင်းသည် မျက်မှောက်ကာလတွင် နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိပြီဖြစ်သည်။ မြန်မာစာပေ၌ အစောဆုံးစာပေအရေးအသားကို သက္ကရာဇ်အခိုင်အမာပါရှိသည့် ရာဇကုမာရ်ကျောက်စာကို ညွှန်းဆိုကြသည်။

ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်းရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကျွန်ခေတ်ရဟန်းစာဆို၊ လူစာဆိုတို့၏ ပြောင်မြောက်သော စာပေလက်ရာများမှာ ယနေ့ထက်တိုင်ရှိနေဆဲဖြစ်သည်။ ရှေးစာဆိုတော်ကြီးများ၏ အကျိုးကျေးဇူးကြောင့် ယနေ့ထက်တိုင် မြန်မာစာပေထွန်းကားရှင်သန်နေခြင်း ဖြစ်သည်။ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို သတိရသောအားဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပကြသည်။

### စာပေဆုများ ပေးအပ်ချီးမြှင့်

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆို မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေစွမ်းပကားဖြင့် နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ ကျင်းပခြင်းနှင့် စာပေဆုများချီးမြှင့်ခြင်းသည် အလွန်မွန်မြတ်ပါသည်။ (၇၅) နှစ်စိန်ရတုတိုင်အောင်ရှိခဲ့ပြီဖြစ်သည့် စာပေဆုနှင်းသဘင် အခင်းအကျင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတ တိုးပွားရန်အတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေများလည်း ထုတ်ဝေခဲ့သည်။

စာပေဆုချီးမြှင့်ခြင်း သမိုင်းကြောင်း၌ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့သည်။ ထို့နောက် **"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"** ကို **'စာပေဗိမာန်ဆု'**၊ **'အနုပညာဆိုင်ရာ စာပေဆု'**၊ **'အမျိုးသားစာပေဆု'** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်လာခဲ့သည်မှာ ယခုနှစ်အထိဆိုပါက နှစ်ပေါင်း ၇၅ နှစ် စိန်ရတုကာလတိုင်ခဲ့ပြီဖြစ်သည်။ ဘာသာရပ်များကိုလည်း တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးနှင့် 'စာပေဗိမာန်စာမူဆု' တွင် ဘာသာရပ် ၁၃ မျိုးအထိ ဆုချီးမြှင့်ပေးလျက်ရှိသည်။

### စာဆိုတော်ကြီးများဂုဏ်ရည်

ပြီးခဲ့သည်နှစ်က ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာ၌ **"ဟေမန္တရတု ဟု ခေါ်တွင်ခဲ့ကြသည့် ယခုနတ်တော်လရာသီသည် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏ အနှစ်သာရ၊ အဆီအနှစ်များကို ပြန်လည်လှစ်ဟ ဖော်ကျူးဂုဏ်ပြုကြသည့် ကာလလည်းဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေ အဖူးအပွင့်များသည် လေ့လာ၍မကုန်နိုင်အောင် များပြားလွန်းလှပါကြောင်း၊ ယနေ့နိုင်ငံ ဖွံ့ဖြိုးမှုရလဒ်များသည် စာပေကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သော သက်သေများပင်ဖြစ်ပါကြောင်း၊ စာပေက ပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃ ထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများအတွက်စာပေအသိအမြင်နှင့်ပညာဗဟုသုတများကို ပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့်** *စာမျက်နှာ ၁၁ သို့*

**❖ ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်ခဲ့သည့် စာပေများသည် ထိုခေတ်ကို ရောင်ပြန်ဟပ်လျက်ရှိသည်။ ခေတ်တစ်ခေတ်၏ အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို စာအုပ်စာတမ်းများမှ သိခွင့်ရကြသည်။ စာပေသည် ခေတ်တစ်ခေတ်၏ မှတ်တမ်းမှတ်ရာများဖြစ်သည်။ စာပေမှ ဗဟုသုတ၊ ခံစားချက်၊ သင်ခန်းစာ၊ စိတ်ဓာတ်ခွန်အားအမျိုးမျိုးရရှိသည်။ ဤသို့ နိုင်ငံနှင့်လူမျိုးကို အကျိုးများ တိုးပွားအောင် ဖော်ဆောင်ခဲ့ကြသည့် စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုကော်ရော်ပူဇော်ကြရမည်ဖြစ်သည်။ ထိုကောင်းသော အစဉ်အလာကို အစဉ်အဆက် ဆက်လက်သယ်ဆောင်သွားရင်း ပို၍ ကောင်းသည်ထက်ကောင်းအောင် အရောင်တင်ကြရမည်မှာ နောင်းလူတို့၏ တာဝန်ဖြစ်သည်**

*စာမျက်နှာ ၁၀ မှ*

**နတ်တော်လရာသီတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပကြခြင်းပင် ဖြစ်ပါကြောင်း”** ပြောကြားခဲ့သည်။

**စေတနာရှင်များဝိုင်းဝန်းကူညီ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူနိုင်ငံသားများ၏ ပညာနှင့်တွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားရန် အထူးအရေးကြီးလှပါသည်။ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့သည်။ ပညာရေးအားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့သည်။

အဆိုပါ လိုအပ်ချက်များကိုပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်ပယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင်မေတ္တာရပ်ခံလိုပါသည်။

**ဝမ်းမြောက်ဂုဏ်ယူမိ**

ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ကြီးများသည် ၎င်းတို့ဘဝတစ်လျှောက်လုံး၌ စာပေလောကနယ်ပယ်ထဲတွင် လုံးဝနှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးဖွဲ့ခဲ့ကြသူများဖြစ်ကြသည်။ အဆိုပါ စာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရုံသာမက **“စာပေမြင့်မှ လူမျိုးတင့်မည်”** ဆိုသည့် စာပေဆောင်ပုဒ်ပါအတိုင်း နိုင်ငံနှင့် လူမျိုးအကျိုးကို တစိုက်မတ်မတ် မြှင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို နိုင်ငံတော်က ဂုဏ်ပြုချီးမြှောက်ပေးလျက်ရှိသဖြင့် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

> **“ စာပေဆိုင်ရာ စွမ်းဆောင်မှုများတွင် အမြင့်ဆုံးဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုသည် မိမိ၏ ဘဝတစ်သက်တာပတ်လုံး စာပေတွင် မြှုပ်နှံပြီး ကိုယ်ကျိုးစီးပွား အလေးမထားဘဲ စာပေနှင့်မွေ့လျော်ကာ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် တစိုက်မတ်မတ် သယ်ပိုးထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည့်အတွက် စာပေလောကအတွက် အမြင့်ဆုံး၊ တန်ဖိုးအရှိဆုံး စာပေဆုဟု ဆိုရမည်ဖြစ်သည်”**

မျက်မှောက်ကာလ ပညာခေတ်တွင် ကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုဆိုင်ရာများ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် လူသားများအားလုံး၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုတိုးတက်မှုများကို ကောင်းသည့်ဘက်တွင် အသုံးချမှုများရှိသလို မကောင်းသည့်ဘက်တွင် အသုံးချမှုများရှိလာသည်။ လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်သည်။ အသိပညာဗဟုသုတ ဆင်ခြင်တွေးခေါ်မှု ဉာဏ်ပညာအားများဖြင့် အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို ခွဲခြားသိမြင်နိုင်သည့် ဉာဏ်ပညာအား လိုအပ်သည်။

**အသိပညာအလိမ္မာရရှိ**

အသိပညာဗဟုသုတများကို အတွေ့အကြုံများနှင့် စာပေအသိဗဟုသုတများမှ ရနိုင်သည့်အတွက် လူတိုင်းလူတိုင်း စာဖတ်သင့်ကြောင်း ရှေးအဆက်ဆက် လူကြီးသူမ ပညာရှိများက မှာကြားခဲ့သည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်အားလုံးတို့၏တူညီသောထုတ်ဖော်မြွက်ဟမှုများတွင်လည်း **“စာဖတ်တယ်”** ဆိုသည့် စကားပင်ဖြစ်ပါသည်။ လူတိုင်းသည် ကိုယ်တိုင်တစ်ဦးတည်း အတွေ့အကြုံတစ်မျိုးတည်းဖြင့်သာ မည်သည့်အလုပ်၊ မည်သည့်အကြောင်းကိစ္စကိုမျှ အကုန်အစင်အလုံးစုံ မသိရှိနိုင်ပါပေ။ နှစ်ပေါင်းများစွာ ကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိပညာများ၊ အတွေးအခေါ်များကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာ အလိမ္မာကို ရရှိစေမည်ဖြစ်ပါသည်။

တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားပြည်သူ၊ နိုင်ငံသူနိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆ စသည့် ပြည်သူများ၏ ရုပ်တည်လုပ်ဆောင်မှုကဏ္ဍများသည် အရေးကြီးသည်။ အတွေးအခေါ်၊ အယူအဆ၊ ဆင်ခြင်တုံတရားတို့ကို စာပေမှရရှိနိုင်သည်။ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားစေရေးကို စာပေပညာရှင်ကြီးများ၊ အနုပညာရှင်ကြီးများ၏ စွမ်းပကားများ ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ စာပေပညာရှင်ကြီးများအနေဖြင့် တတ်ကျွမ်းသည့် စာပေရေးသားခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်သင့်ဘဲ တစ်မျိုးသားလုံးအကျိုး၊ တစ်နိုင်ငံလုံးအကျိုး၊ လူသားအားလုံးအကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

**စာပေတစ်သက်တာဆုရှင်**

စာပေဆိုင်ရာ စွမ်းဆောင်မှုများတွင် အမြင့်ဆုံးဖြစ်သည့် အမျိုးသားစာပေတစ်သက်တာဆုသည် မိမိ၏ ဘဝတစ်သက်တာပတ်လုံး စာပေတွင် မြှုပ်နှံပြီး ကိုယ်ကျိုးစီးပွား အလေးမထားဘဲ စာပေနှင့်မွေ့လျော်ကာ စာပေနှင့်သာ အသက်မွေးဝမ်းကျောင်းပြုရင်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို စာပေစွမ်းပကားဖြင့် တစိုက်မတ်မတ် သယ်ပိုးထမ်းရွက်လျက်ရှိသည့် စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည့်အတွက် စာပေလောကအတွက် အမြင့်ဆုံး၊ တန်ဖိုးအရှိဆုံး စာပေဆုဟု ဆိုရမည်ဖြစ်သည်။ အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်အတွက် စတင်ချီးမြှင့်ပေးအပ်ခဲ့ပြီး ယခုနှစ်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာ မင်းတင်မွန်၊ ဆရာကြီး ဒေါက်တာတိုးလှ၊ ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်)၊ ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) တို့ကို ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်ခဲ့သည့် စာပေများသည် ထိုခေတ်ကို ရောင်ပြန်ဟပ်လျက်ရှိသည်။ ခေတ်တစ်ခေတ်၏ အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းတို့ကို စာအုပ်စာတမ်းများမှ သိခွင့်ရကြသည်။ စာပေသည် ခေတ်တစ်ခေတ်၏ မှတ်တမ်းမှတ်ရာများဖြစ်သည်။ စာပေမှ ဗဟုသုတ၊ ခံစားချက်၊ သင်ခန်းစာ၊ စိတ်ဓာတ်ခွန်အား အမျိုးမျိုးရရှိသည်။ ဤသို့ နိုင်ငံနှင့်လူမျိုးကို အကျိုးများ တိုးပွားအောင် ဖော်ဆောင်ခဲ့ကြသည့် စာဆိုတော်ကြီးများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုကော်ရော်ပူဇော်ကြရမည်ဖြစ်သည်။ ထိုကောင်းသော အစဉ်အလာကို အစဉ်အဆက် ဆက်လက်သယ်ဆောင်သွားရင်း ပို၍ ကောင်းသည်ထက်ကောင်းအောင် အရောင်တင်ကြရမည်မှာ နှောင်းလူတို့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ စာပေဆုများဟု တွင်ခဲ့လေသော စာပေဗိမာန်ဆု (၁၉၄၈-၁၉၆၁)၊ အနုပညာဆိုင်ရာဆု (၁၉၆၂-၁၉၆၄) တို့ကို ဆက်လက်ထိန်းသိမ်းလာခဲ့ရာ ယနေ့အထင်အရှားရှိနေသည့် ‘အမျိုးသားစာပေဆု’ **‘အမျိုးသားစာပေတစ်သက်တာဆု’** ဟူ၍ စိန်ရတုတိုင်အောင် စာပေဂုဏ်ရောင်ထွန်းတောက်လျက်ရှိပါကြောင်း။ ။

## ဖကျောက်ခေတ်မီစံပြကျေးရွာနှင့် ပုံချိုနီးကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိုင်းယောင်း နိုဝင်ဘာ ၂၇**

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဖကျောက်ခေတ်မီစံပြကျေးရွာနှင့် ပုံချိုနီးကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေ၊ ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများသည် ဖကျောက်ခေတ်မီစံပြကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံ ငွေကျပ် ၂၄ ဒသမ ၂သန်းဖြင့် အလျား ၁၅ ပေ၊ အနံပေ ၂၀၊ အမြင့် ၁၁ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၄၀၊ အမြင့် ငါးပေရှိ စာကြည့်တိုက်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် အဆိုပါ စာကြည့်တိုက်အဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုသည်။



ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ပုံချိုနီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေဖြင့် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ဘီးလင်း နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေ ကျပ် ၄၀၂ ဒသမ ၁၅ သန်းဖြင့် သိမ်ငူကျေးရွာတွင် Pyae Aung ကုမ္ပဏီနှင့် ရဲထွန်းကုမ္ပဏီတို့မှ တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့သည့် သိမ်ငူကျေးရွာကုန်ထုတ်လမ်း(အင်္ဂါးမြေ-ဂဝံ)မြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**

## ဝမ်းတွင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

**ဝမ်းတွင်း နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့နံနက်ပိုင်းက Grade Star တည်းခိုခန်းဝင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူငွေစိုးက မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်သည်။**(ယာပုံ)**

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားနှင့် ကြိုဆိုညစာစားပွဲအခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက်(ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နှစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၆) ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။




**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်၍ အားလုံးဝိုင်းဝန်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့အဖွဲ့ဝင် နိုင်ငံများရှိ အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများအကြား ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ဒေသတွင်း ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ခေတ်ကာလနှင့် လိုက်လျောညီထွေရှိသော နည်းပညာရပ်များကို အသုံးပြုပြီး ဒေသတွင်းခရီးသွားလုပ်ငန်းအဆင့်မှ ကမ္ဘာ့အဆင့်သို့ ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် ဒေသတွင်းသို့ခရီးသွားများ ပိုမိုလာရောက်စေရေးအတွက် ဗီဇာဖြေလျှော့မှု အစီအစဉ်များ၊ ချိတ်ဆက်သွားလာနိုင်ရေး အစီအစဉ်များ၊ ညီအစ်မမြို့တော်ကဲ့သို့ မိတ်ဖက်ဆောင်ရွက်မှုအစီအစဉ်နှင့် လေးနိုင်ငံခရီးစဉ်တစ်ခု၊ ငါးနိုင်ငံခရီးစဉ် ဒေသတစ်ခု စသည့် အစီအစဉ်များကို တိုးချဲ့အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အစည်းအဝေးသို့ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုကျင်းပရာ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စီအယ်လ်အမ်ဗွီ ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၅ အရ အဖွဲ့ဝင်နိုင်ငံအလိုက် ဒေသတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသော မြန်မာ - ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၄ သို့ သွားရောက်ကာ မြန်မာနိုင်ငံမှခင်းကျင်းပြသထားသောပြခန်းများ၊ ဗီယက်နမ်နိုင်ငံမှ ခင်းကျင်းပြသထားသောပြခန်းများ၊ MSME ပြခန်းများ၊ အဝတ်အထည်နှင့် အစားအစာပြခန်းများ၊ လျှပ်စစ်အိမ်သုံးပစ္စည်းပြခန်းများ၊ လေကြောင်းလိုင်းပြခန်းများ၊ ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၆)ကြိမ်မြောက် အက်ခ်မက် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို မြန်မာနိုင်ငံမှ ကြိုဆိုညှော်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပပြီးစီး အုပ်စု( အေ၊ ဘီနှင့် စီ )တို့မှ ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲရောင်းချနိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့တွင် ပြပွဲနဝမနေ့၌ ဖွင့်ဖောက် စစ်ဆေးထားသည့် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသော အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀) မှ အတွဲအမှတ် (၄၈၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၄ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကိုလည်းကောင်း၊ အုပ်စု (အေနှင့် ဘီ ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကိုလည်းကောင်း၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲပေါင်း၂၂၄၁ တွဲအနက်မှ ကျောက်စိမ်း အတွဲပေါင်း ၂၁၄၃ တွဲကို လည်းကောင်း ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်းအချောထည်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

အဆိုပါ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကားအစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေး၌ ကုန်လက်ကျန်မရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း၊ ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းသည် တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"လက်ရှိမှာတော့ ဂေါ်ဖီက အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသဘက်တွေကပဲ လှိုင်လှိုင်ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထွက်ရှိတာမရှိသေးပါဘူး။ တောင်သူတွေက အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် စိုက်တဲ့သူနည်းပါးလာပါတယ်။ ဈေးအတွင်းမှာ ရောင်းသူ ဝယ်သူတွေအနေနဲ့ အရောင်းအဝယ်ပိုင်းမှာလည်း ရောင်းကောင်းပါတယ်။ လက်ရှိမှာ ဒီဈေးကို ဂေါ်ဖီကားတွေအနေနဲ့ ပုံမှန်ဝင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်း ရရှိနေကြပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်မှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းဂေါ်ဖီများ ရောင်းအားကောင်းနေခြင်းနှင့်အတူ ကျန်သည့် ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့သည်လည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးသို့ကုန်မျိုးစုံဖြင့် ဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ် ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မောင်အေးချမ်း**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် အသက်ဝင်လာ

ဂျေရုဆလင် နိုဝင်ဘာ ၂၇

အစ္စရေးနှင့် ရှီအာမွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စတင်အကျိုးသက်ရောက်လာပြီဖြစ်သောကြောင့် လက်ဘနွန်တောင်ပိုင်းမှ အိုးအိမ်စွန့်ခွာထွက်ပြေးလာကြသော ဒေသခံများသည် ယခုအခါ ၎င်းတို့၏ နေအိမ်များဆီသို့ ပြန်သွားနေကြပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် ကြားဝင်ညှိနှိုင်းပေးသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အစ္စရေးနှင့် လက်ဘနွန်အစိုးရတို့ သဘောတူလက်ခံလိုက်ပြီး နိုဝင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် အဆိုပါသဘောတူညီချက် စတင်အသက်ဝင်ခဲ့သည်ဟု ဆိုသည်။ ယင်းအချိန်မှစ၍ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခြင်း မရှိတော့ကြောင်း သိရသည်။



အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် စတင်အသက်ဝင်လာပြီးနောက် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကျေးရွာတစ်ရွာသို့ ပြန်လာသော မိသားစုတစ်စုကို တွေ့ရစဉ်။

အဆိုပါ သဘောတူညီချက်တွင် ရက်ပေါင်း ၆၀ အတွင်း ဟစ်ဇ်ဘိုလာတို့ အခိုင်အမာ ခြေကုပ်ယူထားသော နိုင်ငံတောင်ပိုင်းတွင် လက်ဘနွန် တပ်မတော်ကို တပ်ဖြန့်ချထားရန် တောင်းဆိုထားသည်။ အစ္စရေးတပ်ဖွဲ့သည် အဆိုပါဒေသမှ တဖြည်းဖြည်း ဆုတ်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်မှ ၃၀ ကီလိုမီတာခန့်အကွာ လစ်တာနီမြစ်မြောက်ဘက်သို့ ဟစ်ဇ်ဘိုလာအဖွဲ့က ဆုတ်ခွာမည်ဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းအဖွဲ့ ဟားမားစ်တို့အကြား ဂါဇာကမ်းမြောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အမေရိကန်က အရှိန်မြှင့် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အရိပ်အမြွက် ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## သြစတြေးလျ၌ အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ လူမှုမီဒီယာအသုံးပြုခွင့်တားဆီးရေးဥပဒေကို စတင်ရန် နီးကပ်လာ

ကင်ဘာရာ နိုဝင်ဘာ ၂၇

သြစတြေးလျ၌ အသက် ၁၆ နှစ်အောက် ကလေးငယ်များ လူမှုမီဒီယာအသုံးပြုခွင့်တားဆီးရေးဥပဒေကို စတင်ရန် နီးကပ်လာပြီဖြစ်သည်။ အောက်လွှတ်တော်သည် အဆိုပါဥပဒေမူကြမ်းကို နိုဝင်ဘာ ၂၇ ရက်က အတည်ပြုခဲ့သော်လည်း အထက်လွှတ်တော်၏ အတည်ပြုချက် ဆက်လက်လိုအပ်နေသေးကြောင်း သိရသည်။

အောက်လွှတ်တော်အမတ် ၁၀၂ ဦးက ၁၆ နှစ်အောက် ကလေးသူငယ်များ လူမှုမီဒီယာအသုံးပြုခွင့်တားဆီးရေး ဥပဒေမူကြမ်းကို ထောက်ခံမဲပေးခဲ့သော်လည်း ၁၃ ဦးက ဆန့်ကျင်ခဲ့သည်။ အဆိုပါဥပဒေမူကြမ်းကို အတည်ပြုခဲ့မည်ဆိုပါက လူမှုမီဒီယာ အော်ပရေတာများသည် ကလေးသူငယ်များအကောင့်လုပ်ခြင်းကို တားဆီးနိုင်ရန် လိုအပ်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်သော နည်းပညာကုမ္ပဏီများကို သြစတြေးလျ ဒေါ်လာ ၄၉ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၃၂ သန်း) ခန့် ဒဏ်ရိုက်မည်ဖြစ်သည်။ ကလေးသူငယ်များ သို့မဟုတ် ၎င်းတို့၏ မိဘများအတွက် ပြစ်ဒဏ်များမရှိပါ။

အဆိုပါဥပဒေသည် အင်စတာဂရမ်၊ တစ်တော့ခ်၊ ဖေ့ဘွတ်ခ်နှင့် အိတ်စ်တို့ကို ရည်ရွယ်သည်။ အကောင့်မလိုအပ်သော ယူကျူနှင့် အခြားဝက်ဘ်ဆိုက်များကို ကင်းလွတ်ခွင့်ပေးထားသည်။ သြစတြေးလျနိုင်ငံ၌ ကလေးငယ်များ လူမှုမီဒီယာအသုံးပြုခွင့်တားဆီးရေးကို လူဦးရေ၏



၆၀ ရာခိုင်နှုန်းခန့် ထောက်ခံကြသည်။

သို့သော်လည်း အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို မထိခိုက်စေဘဲ သုံးစွဲသူများ၏အသက်ကို မည်သို့အတည်ပြုရမည်ကို စိုးရိမ်မှုများရှိနေသည်။

ဥပဒေကြမ်းသည် ဥပဒေဖြစ်လာပြီး အစိုးရက ယင်းဥပဒေကို မပြဋ္ဌာန်းမီအချိန်အထိ ထိရောက်သော အသက်အရွယ်စိစစ်ရေးနည်းလမ်းများကို ဖော်ဆောင်ရန် တစ်နှစ်အချိန်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## မျိုးဆက်သစ်အီးဗွီကားထုတ်လုပ်မည့်ရက်ကို တိုယိုတာ ရွှေ့ဆိုင်း

တိုကျို နိုဝင်ဘာ ၂၇

တိုယိုတာသည် ၎င်း၏မျိုးဆက်သစ် လျှပ်စစ်မော်တော်ယာဉ် အီးဗွီကား ထုတ်လုပ်မည့်ရက်ကို ရွှေ့ဆိုင်းရန် စီစဉ်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြထားသည်။




တိုယိုတာကားထုတ်လုပ်ရေး ကုမ္ပဏီသည် မျိုးဆက်သစ် အီးဗွီကားများ ထုတ်လုပ်ရာတွင် နောက်ဆုံးပေါ် နည်းပညာများကို ထည့်သွင်းတီထွင်ရန် အချိန်အတိုင်းအတာတစ်ခုလိုကြောင်း ပြောသည်။

ဂျပန်နိုင်ငံ၏ အကြီးဆုံးကား ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် တိုယိုတာမော်တာသည် ၎င်း၏ မျိုးဆက်သစ်အီးဗွီကား ဖြစ်သည့် လက်ဆပ်အီးဗွီကို ယခင်က ၂၀၂၆ ခုနှစ်တွင် ဈေးကွက်ထဲရောင်းချရန် ရည်ရွယ်ထားသော်လည်း ယခုအခါတွင် ၂၀၂၇ ခုနှစ် နှစ်လယ်မှသာ စတင်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

တိုယိုတာသည် လွန်ခဲ့သည့် ဆောင်းဦးရာသီတွင် ပြုလုပ်ခဲ့သည့် ဂျပန်ကား အရောင်းပွဲတော်တွင် မျိုးဆက်သစ် လက်ဆပ်အီးဗွီ နမူနာမော်ဒယ်လ်ကို ပြသခဲ့သည်။

အဆိုပါယာဉ်၏ ပြေးဆွဲနိုင်သည့် အကွာအဝေးသည် ကီလိုမီတာ ၁၀၀၀ ရှိပြီး မိနစ် ၂၀ အတွင်း အားအပြည့်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုယိုတာသည် အဆိုပါယာဉ်ကို ဖန်တီးရန် သတ္တုအစိတ်အပိုင်းများ တစ်စစီပုံလောင်းခြင်းမှ တစ်ခုတည်းပုံလောင်းခြင်းဆိုသည့် (giga-casting) နည်းပညာသစ်ကို အသုံးပြုသွားမည်ဖြစ်သည်။ ထို့အပြင် တိုယိုတာသည် ထပ်မံထုတ်လုပ်မည့် နည်းပညာမြင့် မော်တော်ယာဉ်သစ်တွင် အခြေခံဆော့ဖ်ဝဲလ်အသစ်ကိုလည်း ထည့်သွင်းရန်စီစဉ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံ၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လေးဦးသေဆုံး

ကိုလံဘို နိုဝင်ဘာ ၂၇

သီရိလင်္ကာနိုင်ငံ၌ ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး ခြောက်ဦးပျောက်ဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် လူပေါင်း ၂၃၀၇၄၃ ဦး ရေဘေးဒုက္ခခံစားခဲ့ရပြီး အိမ်ခြေ ၆၀၀ ကျော်ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာ၏ ညွှန်ကြားရေးမှူးချုပ် ဥဒရာဟီရက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၁၆၅ ခုကို ဖွင့်လှစ်ပေးထားကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ သီရိလင်္ကာသမ္မတ အနူရာကုမာရဒစ်ဆာနာယာကာက ရေဘေးကြုံတွေ့ခဲ့ရသည့်ဒေသများရှိ ပြည်သူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန် တာဝန်ရှိသူများကို ညွှန်ကြားထားသည်။ **ဆင်ဟွာ**

## ၂၀၂၃ ခုနှစ်တွင် အေအိုင်ဒီအက်စ်နှင့် ဆက်နွယ်သော သေဆုံးသူပေါင်း ၆၃၀၀၀၀ ရှိ

ဂျီနီဗာ နိုဝင်ဘာ ၂၇

နိုဝင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်သော အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဆိုင်ရာ ကုလသမဂ္ဂပူးတွဲအစီအစဉ် (ယူအင်န်အေအိုင်ဒီအက်စ်) ၏ အစီရင်ခံစာသစ်တစ်ခု၌ ယမန်နှစ်တွင် အေအိုင်ဒီအက်စ်နှင့် ဆက်နွယ်သော နာမကျန်းမှုများကြောင့် လူပေါင်း ၆၃၀၀၀၀ ဦး အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်းနှင့် ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁ ဒသမ ၃ သန်းမှာ အိတ်ချ်အိုင်ဗွီရောဂါပိုး ထပ်မံကူးစက်ခံထားရကြောင်း ဖော်ပြထားသည်။

ယမန်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ အိတ်ချ်အိုင်ဗွီရောဂါဖြစ်ပွားသူ ၃၉ ဒသမ ၉ သန်းခန့်ရှိပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် လူပေါင်း ၉၀၀၀၀၀ တိုးလာကြောင်း၊ ကုသခံယူမှု တိုးလာသော်လည်း လူပေါင်း ၉ ဒသမ ၃ သန်းမှာ အသက်ကယ်ကုထုံးများရရှိရန် လက်လှမ်းမမီသေးကြောင်း သိရသည်။

အနည်းဆုံး နိုင်ငံပေါင်း ၂၈ နိုင်ငံတွင် အိတ်ချ်အိုင်ဗွီရောဂါ ထပ်မံကူးစက်သူအရေအတွက် မြင့်တက်လျက်ရှိသည်။ ယမန်နှစ်တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း အမျိုးသမီးငယ် ၅၇၀ သည် နေ့စဉ်နှင့်အမျှ အိတ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**



## ဥဇဘက်ကစ္စတန်နိုင်ငံ၏ လူဦးရေ ၃၇ ဒသမ ၅ သန်းရှိလာ

တာ့ရှ်ကန့် နိုဝင်ဘာ ၂၇

ဥဇဘက်ကစ္စတန်နိုင်ငံ၏ လူဦးရေသည် ၃၇ ဒသမ ၅ သန်းရှိလာပြီဖြစ်ကြောင်း နိုင်ငံ၏စာရင်းအင်းအေဂျင်စီက ပြောသည်။ အေဂျင်စီ၏ ယခင်အချက်အလက်များအရ နိုင်ငံ့လူဦးရေသည် နေ့စဉ်လူပေါင်း ၂၀၀၀ တိုးလာကြောင်း သိရသည်။

ယခုနှစ် ဧပြီ ၂၂ ရက်တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ လူဦးရေသည် ၃၇ သန်းကို ကျော်လွန်လာပြီဖြစ်ကြောင်း အဆိုပါအေဂျင်စီက အစီရင်ခံဖော်ပြထားသည်။

ဥဇဘက်ကစ္စတန်နိုင်ငံသည် အာရှအလယ်ပိုင်းတွင် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ကြောင်းနှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လူဦးရေ ၃၆ သန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင်ပြောဆို၍ ငွေစက္ကူအတု ဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူခဲ့သူအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၂၇**

မသမာသူများအနေဖြင့် လူမှုကွန်ရက်ဖြစ်သည့် Facebook တွင် အမည်အမျိုးမျိုးဖြင့် ကိုယ်ပိုင် Page များ ဖွင့်လှစ်အသုံးပြုကာ ငွေစက္ကူအတုများ ဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင် ပြောဆို၍ ၎င်းတို့နှင့်ဆက်သွယ်လာသူ ငွေစက္ကူအတု ဝယ်ယူလိုသူများထံမှ ငွေကြေးလိမ်လည်ရယူမှုများ ဖြစ်ပွားလျက်ရှိသဖြင့် အဆိုပါ Facebook အကောင့်ပိုင်ရှင်များအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့များဖွဲ့စည်း၍ နည်းပညာအကူအညီရယူကာ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်ရှိ အခေါက်ရွှေရောင်းသူဝယ်သူ အမည်ပါ Facebook Group အတွင်း Amara Pan အမည်ပါ Facebook အကောင့်မှ **“ငွေတုရောင်းတယ် မှတ်ပုံတင်တဲ့ ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09971007328 သို့ ဆက်သွယ်ပါ”** စာသားနှင့် ငွေစက္ကူအတုပုံများ Post တင်ထားမှုအား စိစစ်တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ Amara Pan အမည်ပါ Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒက္ခိဏသီရိမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ မအေးအေးအောင်(၁၈) နှစ်အား နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ငွေစက္ကူအတုများရရှိမည်ဖြစ်ကြောင်း အခြားသူများယုံကြည်အောင် ပြောဆိုကာ ငွေကြေးလိမ်လည်ရယူခဲ့ရာ၌ အသုံးပြုခဲ့သော VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဒက္ခိဏသီရိမြို့နယ် ညွှန့်ဂေဟာနယ်မြေရဲစခန်း (ပ) ၆၈/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) အမှုမှ တရားခံ မအေးအေးအောင်နှင့် သိမ်းဆည်းရမိသည့် ဖုန်းအမှတ် ၀၉၉၇၁၀၀၇၃၂၈ နှင့် ၀၉၇၈၆၉၁၉၄၂၂ တို့ပါ VIVO Y 83 အမျိုးအစား အနီရောင်လက်ကိုင်ဖုန်းတို့၏မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူ တရားခံ အေးအေးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် Amara Pan အမည်ပါ Facebook အကောင့်အား ဖွင့်လှစ်အသုံးပြုကာ Facebook Group များအတွင်း **“ငွေတုရောင်းတယ် မှတ်ပုံတင်တဲ့ ရောင်းပေးတယ် လူလိမ်မဟုတ်ပါ လူလိမ်ထင်ရင်မဝယ်ပါနဲ့ Viber/ 09971007328 သို့ ဆက်သွယ်ပါ”**ဟုစာသားများလိုက်လံရေးသား၍ Post များ တင်ခဲ့ပြီးနောက် Viber ဖုန်းအမှတ် 09971007328 မှတစ်ဆင့် ငွေစက္ကူအတုဝယ်ယူရန် ဆက်သွယ်လာသူများအား ငွေစက္ကူအစစ် တစ်ဆလျှင် ငွေစက္ကူအတု ရှစ်ဆရမည်ဖြစ်ကြောင်း၊ မြင်းခြံမြို့မှဆိုပါက အိမ်အရောက် ငွေချေပြုလုပ်၍ ရကြောင်း၊ ကျန်မြို့များအား စရံတစ်ဝက်ပေးချေ၍ ငွေစက္ကူအတုရရှိမှသာ ကျန်ငွေတစ်ဝက်အား ဝယ်ယူ၍ရကြောင်း ယုံကြည်အောင်ပြောဆိုကာ အဆိုပါဖုန်းနံပါတ်ဖြင့် ဖွင့်လှစ်ထားသည့် Hnin Mya Wave pay အကောင့်အတွင်းသို့ ငွေလွှဲခိုင်းခဲ့ပြီး ငွေလွှဲရောက်ရှိပါက Viber အကောင့်အား Block ပြုလုပ်ကာ ငွေကြေးများအား လိမ်လည်ရယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လူမှုကွန်ရက်စာမျက်နှာများ၌ ငွေစက္ကူအတုဝယ်ယူရရှိနိုင်ကြောင်း ယုံကြည်အောင် ပြောဆိုပြီး ငွေကြေးများလိမ်လည်ရယူခဲ့သူ တရားခံ အေးအေးအောင်အား ညွှန့်ဂေဟာနယ်မြေရဲစခန်း (ပ) ၆၈/၂၀၂၄၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး အလားတူ လူမှုကွန်ရက်အခြေပြု၍ ငွေကြေးလိမ်လည်ရယူမှုများနှင့် ငွေစက္ကူအတု ပြုလုပ်သုံးစွဲရောင်း/ဝယ်သူများအား အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖော်ထုတ်ဖမ်းဆီးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်မှုများအား သိရှိပါက နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၄ ရက်တွင် ရွှေပြည်သာမြို့နယ် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်း ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၄၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တိုက်ကြီးမြို့နယ် တဘူးလှဆည်အနီး၌ တရားမဝင် အခြားသစ် ၃ ဒသမ ၆၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၃၁၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၈၁၃၁၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၀၁၂၄၀၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပင်မြို့ ပြည်ထောင်စုလမ်းမကြီး ဟိုပင်တိုးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် မုဒုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ရှမ်းချောင်းလမ်းမကြီး AST ဆီဆိုင်အနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် FAW Dump Truck တစ်စီးနှင့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၈၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SunLong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ ရွှေဘိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၂၆၈၇၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ရွာနှင့် သံရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၉၀၇၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်–မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၅၂) မိုင်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၁၅၂၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၇၆၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း ၁၃ မျိုး၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၇၁၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၀၆၆၀၈၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ် အနီး၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာယာဝတီခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၆၀ တန်၊ သစ်မာ ၀ ဒသမ ၁၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၂၄၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၃၈၇၄၈၀၄) ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် စားသောက်ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး အရည်အသွေးအာမခံချက်မရှိသော ကုန်ပစ္စည်းများ တင်သွင်းခြင်းကြောင့် စားသုံးသူပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများနှင့် အသက်အန္တရာယ် ထိခိုက်နစ်နာဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဆိုတာ စိတ်ခွန်အားရစေတဲ့အတွက် ဖတ်ဖို့လိုပါတယ်။ စာအစုံကို ဖတ်ရင်းနဲ့ အသိအမြင်ရင့်ကျက်လာပြီး အမှားတွေကို ရှောင်နိုင်ပါမယ်

**မင်းအောင်မင်း**

**ရန်ကုန် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဘာသာရပ် – ရသစာတမ်း(အက်ဆေး)**
**စာရေးသူ – နေမျိုး**
**စာအုပ်အမည်–မိုးဘိုင်စကုတ်**




စာရေးရတာကို ဝါသနာကြီးလို့ ၁၉၉၀ ပြည့်နှစ်မှာ စာမျက်နှာပေါ် စတင်ရောက်ရှိခဲ့ပါတယ်။ ဒေါက်တာတင်ကိုအောင်ရဲ့ ဟန်သစ်မဂ္ဂဇင်းမှာ မြင်ကွင်းကျယ် အချစ်ဝတ္ထုစတင်ရေးသားနိုင်ခဲ့ပြီး "သံနဲ့လုပ်ထားတဲ့အိပ်မက်"၊ "မိစ္ဆာအနမ်း"၊ "ကြေးရုပ်မြို့တော်" စတဲ့ ဝတ္ထုတွေ ရေးဖြစ်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာပဲ အဝကျွန်းဦးချစ်မောင်ရဲ့ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းမှာ "ဆောင်းကို ခုတ်မောင်းခြင်း" ကဗျာ ဖော်ပြပါရှိလာပါတယ်။ ဟန်သစ်၊ သရဖူ၊ ရုပ်ရှင်တေးကဗျာ၊ ကလျာ စတဲ့ မဂ္ဂဇင်းတွေနဲ့ ပေါ်ပြူလာဂျာနယ်မှာ ဝတ္ထုတို၊ ကဗျာနဲ့ အက်ဆေးတွေ ဆက်လက်ရေးသားနိုင်ခဲ့ပါတယ်။ "အဖေရေ ဒီမှာထမင်းတွေဗျ"၊ "ပဲစေ့ကို သွန်ကောက်ခြင်း"၊ "သုညကို အကောင်ဖောက်ခြင်း" စတဲ့ စာပေလက်ရာတွေကို ဆက်လက်ရေးသားခဲ့ပြီး တချို့ကို "မြည်နေတဲ့ ထရမ်းပက်" ဝတ္ထုတိုငယ်အဖြစ် ထုတ်ဝေခဲ့ပါတယ်။ အခု ဆုရတဲ့ စာအုပ်က "မိုးဘိုင်စကုတ်" ဖြစ်ပြီး အက်ဆေးစာအုပ်အဖြစ် ငါတို့စာပေမှ ထုတ်ဝေခဲ့ကာ ရသစာတမ်း(အက်ဆေး) ဆုအဖြစ် ဆွတ်ခူးရရှိခဲ့တာဖြစ်ပါတယ်။

အခုလို "မိုးဘိုင်စကုတ်" စာအုပ်က အမျိုးသားစာပေဆုချီးမြှင့်ခြင်း ခံရတဲ့အတွက် ဝမ်းသာပီတိ ဖြစ်မိပါတယ်။ အဖေနဲ့ အမေ၊ ပြီးတော့ ဇနီးဖြစ်သူကိုလည်း အထူးသတိရမိပြီး ဝမ်းသာပီတိဖြစ်ရပါတယ်။ စာပေအလုပ်ကို တစိုက်မတ်မတ်လုပ်ပြီး ကြိုးစားအားထုတ်ခဲ့တာတွေဟာ သီးပွင့်ချိန်ကို ရောက်ခဲ့ပြီဖြစ်လို့ ကျေနပ်မိပါတယ်။ ကျွန်တော့်စာပေလက်ရာတွေကို မငြီးမငွေ့ ဖတ်ရှုအားပေးနေကြတဲ့ စာဖတ်သူတွေအတွက်လည်း ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဘာသာရပ် – သုတပဒေသာ(ရိုးရိုးသိပ္ပံ)**
**စာရေးသူ –သိပ္ပံစာရေးဆရာကိုကိုအောင်**
**စာအုပ်အမည် – နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ**



လူအများစုက နျူကလီးယားဆိုတဲ့ ဝေါဟာရကိုကြားရင် အဖျက်စွမ်းအားကြီးမားတဲ့လက်နက်ကြီးတွေကိုပဲ ပြေးပြီး မြင်ယောင်မိကြပါတယ်။ တကယ့်လက်တွေ့မှာတော့ နျူကလီးယားစွမ်းအင်နဲ့နျူကလီးယားနည်းပညာဟာ လူသားအားလုံးအတွက် လက်တစ်ကမ်းကနေပြီး ဘက်စုံထောင့်စုံကောင်းကျိုးပြုနေတာဖြစ်ပါတယ်။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကုသမှုတွေမှာ နျူကလီးယားဆေးပညာက ထိပ်တန်းအဆင့်မှာရှိနေသလို လူမှုဘဝဖွံ့ဖြိုးသာယာရေးအတွက် အဓိကလိုအပ်ချက်ကြီးတစ်ရပ်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပမာဏအများအပြားကို ထုတ်လုပ်ပေးနိုင်တဲ့ တစ်ခုတည်းသော နည်းပညာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် အာကာသသုတေသနလုပ်ငန်းတွေ၊ အဏ္ဏဝါသုတေသနလုပ်ငန်း စတာတွေမှာလည်း နျူကလီးယားနည်းပညာက ထိပ်တန်းအဆင့်မှာပဲရှိနေတာဖြစ်ပါတယ်။ ဒါတွေကို စာဖတ်ပရိသတ်အားလုံးက သိလာမြင်လာစေချင်တဲ့ စိတ်စေတနာကြောင့် ဒီစာအုပ်ကို ရေးသားထုတ်ဝေခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ကိုယ်တိုင်ကလည်း ဧည့်ပါမောက္ခအဖြစ်နဲ့ နျူကလီးယား ရူပဗေဒကို သင်ကြားပို့ချပေးနေတာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ သင်ကြားပို့ချပေးနေမှုတွေထဲမှာ တစ်စိတ်တစ်ပိုင်းပါဝင်နေတဲ့အန္တရာယ်ရှိ နျူကလီးယားစွန့်ပစ်ပစ္စည်းတွေကို ဘယ်ပုံဘယ်နည်းတွေနဲ့ စီမံခန့်ခွဲရမလဲဆိုတာကိုလည်း ကျွန်တော့်ရဲ့ စာအုပ်ထဲမှာ ရှင်းလင်းဖော်ပြပေးထားပါတယ်။ စာပေရေးသားမှုသမိုင်း ကျွန်တော့်ရဲ့စာရေးသက်ကတော့ နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ်ပါတယ်။ ကလောင်နာမည်ကိုတော့ (သိပ္ပံစာရေးဆရာကိုကိုအောင်) အနေနဲ့ ပရိသတ်တွေကသိကြပါတယ်။ သိပ္ပံနဲ့နည်းပညာတွေကို အခြေခံတဲ့ ဆောင်းပါးတွေကိုသာ စိုက်လိုက်မတ်တတ် ရေးသားခဲ့ပါတယ်။ စာရေးသက်တမ်းတစ်လျှောက်မှာ ဆောင်းပါးပေါင်း ၃၀၀၀ ကျော်ရေးသားခဲ့ပြီး စာအုပ် ၁၄ အုပ် ထုတ်ဝေခဲ့ပါတယ်။ MRTV၊ MITV၊ MWD၊ MRTV–4၊ mntv စတာတွေမှာ သိပ္ပံဆိုင်ရာ ရုပ်မြင်သံကြားအမေးအဖြေ အစီအစဉ်ပေါင်း ၄၀၀ ကျော်ကို ဖြေကြားရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါတယ်။ မြန်မာ့အသံရေဒီယိုကနေလည်း (သိပ္ပံပညာသင့်ကမ္ဘာ) အစီအစဉ်ကနေ အပတ်စဉ် ပုံမှန်ဟောပြောပို့ချထုတ်လွှင့်ပေးနေပါတယ်။ နိုင်ငံတော်က အခုလို အသိအမှတ်ပြုပြီး ဂုဏ်ပြုချီးမြှင့်တဲ့အတွက် အထူးပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။ မြန်မာ့စာပေလောကကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေပါစေလို့လည်း ဆုတောင်းအပ်ပါတယ်။

**ဘာသာရပ် – နိုင်ငံရေး**
**စာရေးသူ – နေဇင်လတ်**
**စာအုပ်အမည် – အတွေးအမြင်**



စာတွေကတော့ ပုံမှန်ရေးဖြစ်နေပါတယ်။ အင်တာဗျူးတချို့လည်း ပေးဖြစ်ပါတယ်။ အထူးသဖြင့်တော့ မြဝတီနဲ့ အင်တာဗျူးတော့ပေးဖြစ်တယ်။ စာအုပ်တွေက ရှေ့ပိုင်းမှာလည်း အုပ်ရေ ၁၀၀ ကျော်ထွက်ထားတော့ စာအုပ်ဖြစ်လာဖို့ သီးခြားကြိုးပမ်းရတာမျိုးတော့ မရှိလိုက်ပါဘူး။ အခုဆုရတဲ့စာအုပ်က မြဝတီကို အင်တာဗျူးပေးတုန်းက ဖြေထားခဲ့တာနဲ့ ဖြည့်စွက်ရေးသားထားတာဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်မှာ စာစောင်တွေထဲကစပြီး ဖော်ပြခြင်းခံရပါတယ်။ တံခွန်၊ စက်မှုတက္ကသိုလ် မဂ္ဂဇင်း၊ သပြေမဂ္ဂဇင်း စသဖြင့်ပေါ့၊ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း တပ်မတော်တာဝန် ထမ်းဆောင်စဉ်မှာ စာရေးတာပြတ်သွားပါတယ်။ ၁၉၉၂ ခုနှစ် အငြိမ်းစားယူပြီး ကုမ္ပဏီစတင်လုပ်တော့လည်း လုပ်ငန်းတည်တံ့အောင် လုပ်နေရသေးလို့ လက်ရေးစာမူနဲ့သာ ရေးပြီး မဂ္ဂဇင်း၊ စာစောင်တွေဆီ မပို့ဖြစ်သေးပါဘူး။ စီးပွားရေးအထိုင်ကျသွားပြီး စိတ်ချရတဲ့အချိန် ၁၉၉၈ ခုနှစ် လောက်မှာ ပုလဲမြို့ပြမှာ လစဉ် ရေးဖြစ်သွားပါတယ်။ နောက် ရွှေအမြုတေမှာ ရသစာပေ ၁၁ နှစ်ကျော်ရေးဖြစ်တယ်။ နောက်ပိုင်းမှာ မဂ္ဂဇင်း၊ စာစောင်အမျိုး ၄၀ လောက်မှာ သုတ၊ စီမံခန့်ခွဲရေးအကြောင်းရေးဖြစ်တယ်။ နိုင်ငံအကူးအပြောင်း လုပ်တော့မယ့်အချိန် နိုင်ငံရေးစာပေတွေရေးခွင့်ရှိလာတဲ့အချိန် ၂၀၀၉ ခုနှစ်လောက်မှာ အယ်ဒီတာချုပ်တချို့ရဲ့ တိုက်တွန်းမှုကြောင့် မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးအကြောင်းကို စီမံခန့်ခွဲမှုနဲ့တွဲပြီး ရေးဖြစ်သွားပါတယ်။ အဲဒီကာလတွေတုန်းက တစ်လကို အပုဒ် ၆၀ ကျော်လောက် ရေးခဲ့ရပါတယ်။ ဒီနေ့မှာတော့ အရွယ်လည်း ရလာပြီမို့ တစ်လကို ၁၀ ပုဒ်လောက်ပဲ ရေးပါတော့တယ်။ ထွက်ပြီးသွားတဲ့ စာအုပ် စုစုပေါင်းက ၁၀၈ အုပ်ရှိပြီး သုတ၊ ရသ၊ စီးပွား၊ စီမံ၊ နိုင်ငံရေး အပုဒ်ရေ ၂၆၀၀ လောက်ရှိသွားပါပြီ။ အရင်ကတော့ ပခုက္ကူ ဦးအုံးဖေဆု နှစ်ခု၊ သုတစွယ်စုံဆု နှစ်ခု၊ ရွှေအမြုတေဆု တစ်ဆု၊ မြဝတီဆု တစ်ဆု စုစုပေါင်း ခြောက်ဆုရဖူးပါတယ်။ နောက်ပိုင်းမှာတော့ ကမ္ဘာ့နိုင်ငံရေးနဲ့ မဟာဗျူဟာ အရှေ့အကြောင်း ကြိုတင်သုံးသပ်ချက်ကို အရေးများပါတယ်။ စီးပွားရေး၊ စီမံခန့်ခွဲရေးနဲ့ ဘာသာရေးဆောင်းပါးတွေပဲ ဆက်ပြီး ဦးစားပေးရေးသွားမယ်လို့ စဉ်းစားဖြစ်ပါတယ်။ လူငယ်တွေ ဘယ်စာဖြစ်ဖြစ် ဖတ်စေချင်တယ်။ စာဖတ်များလာရင် အမှားအမှန်ကို သိလာပြီး စာရွေးဖတ်တတ်လာပါမယ်။ စာများများဖတ်ရင် အသိမြင့်လာပါမယ်။ အနာဂတ်ကိုမြင်လာပါမယ်။ ကိုယ့်အတွက် အကျိုးများသလို နိုင်ငံနဲ့လူမျိုးအတွက်လည်း တစ်စုံတစ်ရာ ကောင်းကျိုးသယ်ပိုးနိုင်ကြပါလိမ့်မယ်။

**ဘာသာရပ် – ဘာသာပြန်(သုတ)**
**စာရေးသူ – မင်းအောင်မင်း**
**စာအုပ်အမည် – မှေးမှိန်လာသော အမေရိကန်ရာစုနှစ်**



ဒီစာအုပ်ရေးတာ တစ်နှစ်လောက်တော့ကြာပါတယ်။ ပြင်ဆင်တာကလည်း အနည်းဆုံး ခြောက်လထက် မလျော့ပါဘူး။ စက္ကူဈေးကြောင့် ကုန်ကျစရိတ်တွေ တက်နေချိန်မှာ သက်သာအောင် နည်းနည်းနဲ့ကျဲကျဲဝိုင်းတာ ဖြစ်လို့ ကွန်ပျူတာစာစီအပ်ပြီးချိန်မှာ ကျွန်တော်ကိုယ်တိုင်ပရုဖတ်ပါတယ်။ ပရုပြီးချိန်မှာ တစ်ခေါက်ပြင်ပါတယ်။ အဲဒီနောက် ထုတ်ဝေသူကိုယ်တိုင် layout ထိုင်ပါတယ်။ ပြီးတော့ အချောကျွန်တော်စစ်ပါတယ်။ နောက်ဆုံးတစ်ကြိမ် ဖိုင်နယ်ကျွန်တော်စစ်ပါတယ်။

ဒီအခါမှာ စာအုပ်အဆင့်ကိုရောက်တော့မှာဖြစ်လို့ သိပ်အများကြီးပြင်လို့မရတော့ပါဘူး။ ဒါတောင်မှ ပြင်ချက်နည်းနည်းပါးပါး လွတ်သွားတာရှိလို့ ပရိသတ်ကို တောင်းပန်ရမှာပါ။ မူရင်းစာရေးသူက ရှဲဒိုးအော့ဖ်အမေရိကန်စင်ကျူရီလို့ စာအုပ်ကိုခေါင်းစဉ်တပ်ထားပြီး အမေရိကန်အင်ပါယာအကျဘက်ကို ရောက်တော့မယ်လို့ သုံးသပ်ထားတာပါ။

ဒီနေရာမှာ မူရင်းစာရေးသူဟာ နယူးဂျာနယ်လစ်ဇင်နဲ့ ရေးထားတာဖြစ်တာကြောင့် တချို့ဖြစ်ရပ်မှန်တွေ စိတ်ကူးသုံးသပ်ချက်တွေကို ဖွဲ့နွဲ့ထားတာဖြစ်လို့ စာအုပ်က ရုပ်လုံးကြွနေပါတယ်။

တကယ်က အမေရိကန်အင်ပါယာဆိုပြီး ဘယ်လိုဖြစ်လာတယ်။ ဒီနေ့အချိန်အထိ ဘယ်လိုဖြတ်သန်းလာရတယ်ဆိုတာရှင်းပြနေတဲ့ ကမ္ဘာနဲ့လည်းဆိုင်တဲ့ ပထဝီနိုင်ငံရေးပါ။ ဖက်ရှင်မဂ္ဂဇင်းနဲ့ အားကစားဂျာနယ် တစ်စောင်ကနေ စရေးသားပါတယ်။ အဲဒီနောက် သုတစွယ်စုံစာအုပ်တိုက်မှာ အယ်ဒီတာလုပ်ဖြစ်သွားတော့ သတင်းဆောင်းပါးတွေ ပိုရေးဖြစ်လာပါတယ်။ တိုက်ကထုတ်တဲ့ ထွန်းတောက်ကြယ် အားကစားဂျာနယ်နဲ့ အားကာမဂ္ဂဇင်းကိုလည်း ကိုင်ခဲ့ရပါတယ်။ အဲဒီတိုက်က တိုက်ကြီးဖြစ်လို့ ပညာအများကြီးရခဲ့ပါတယ်။ အခုလို ဆုရတာ ဒေါက်တာ တင်ထွန်းဦးဆီက သင်ယူခဲ့တဲ့ကျေးဇူးရှိသလို ကိုယ်ရေးတဲ့စာအုပ်တွေကို ထုတ်ဝေဖြန့်ချိပေးနေတဲ့ ယဉ်မျိုးစာပေတိုက်ကလည်း ကျေးဇူးရှိပါတယ်။ စာအုပ်စုစုပေါင်း ၃၀ ထွက်ခဲ့ပြီးပါပြီ။ ဆုကအခုမှရတာပါ။ ဆက်လက်ပြီး ရေးလက်စနဲ့ ရေးပြီးသားစာအုပ် လေးငါး အုပ်ရှိနေပါတယ်။

ဘယ်စာအုပ် အရင်ထွက်မလဲမသိပါ။ နောက်ဆုံးထွက်တာပြီးခဲ့တဲ့ အောက်တိုဘာက "ယူကရိန်းစစ်ပွဲနောက်ကွယ်"ဆိုတဲ့စာအုပ်ထွက်ထားပါတယ်။ ယနေ့ခေတ် စာပေလောကတော့ စက္ကူတစ်ထုပ် သိန်းချီသွားတော့ အရင်လို တစ်သောင်းတန်တစ်ရွက်နဲ့ စာအုပ်သုံးလေးအုပ် ဝယ်လို့မရတော့ စာအုပ်ဆိုတာ ချမ်းသာသူတွေသာ ဝယ်ယူနိုင်တဲ့ ပစ္စည်းဖြစ်နေပါပြီ။ စက္ကူကိုသက်သက်သာသာနဲ့ ထုတ်ဝေသူဆီရောက်ဖို့ စာအုပ်ထုတ်တဲ့ စက္ကူစက်တွေကို ရင်းနှီးမြှုပ်နှံဖို့လိုပါတယ်။

ဖြူသုံးဖြူဆိုတဲ့ အရေးပါတဲ့လူနေမှုအဆင့်ညွှန်းကိန်းပြ ပစ္စည်းသုံးခုမှာ သကြားဘိလပ်မြေတို့နဲ့အတူ စက္ကူလည်း ပါနေပါတယ်။

စာပေဆိုတာ စိတ်ခွန်အားရစေတဲ့အတွက် ဖတ်ဖို့လိုပါတယ်။ စာအစုံကို ဖတ်ရင်းနဲ့ အသိအမြင်ရင့်ကျက်လာပြီး အမှားတွေကိုရှောင်နိုင်ပါမယ်။ စာဖတ်ခြင်းကြောင့် မိမိကိုယ်တိုင်ရဲ့ ဘဝခရီးကိုလည်း တော်တည့်မှန်ကန်စွာ လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

**အာကာလင်း၊ ဓာတ်ပုံ–တင်စိုး**

## ရွှေတောင်မြို့နယ်၌ ပန်းဂေါ်ဖီများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ကောင်း

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မီးလောင်အုပ်စု အင်္ဂလိုင်ဂန်ကျေးရွာတွင် ပန်းဂေါ်ဖီများစိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ပန်းဂေါ်ဖီများစတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပန်းဂေါ်ဖီကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပန်းဂေါ်ဖီကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် ပန်းဂေါ်ဖီမျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ ရက်သားအရွယ်တွင် စိုက်ပေါင်ပေါ်သို့ချ၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် ပန်းဂေါ်ဖီ တစ်ကေလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ပန်းဂေါ်ဖီကို စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်နိုင်ပြီး တစ်ကေလျှင် ပန်းဂေါ်ဖီအပွင့်ရေ ၁၀၀၀၀-၁၂၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပန်းဂေါ်ဖီ အကြီး၊ အလတ်၊ အသေး အရွယ်အစား အပေါ်မူတည်၍ တစ်ပွင့်လျှင် ငွေကျပ် ၈၀၀-၄၀၀-၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပန်းဂေါ်ဖီ တစ်ကေလျှင် ငွေကျပ်သိန်း ၂၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသီးနှံပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူ၍ ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့နှင့် ပြည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းဂေါ်ဖီ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း ပန်းဂေါ်ဖီစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (ပဲခူး)**

## ဆိပ်ဖြူမြို့ ရွာသစ်ကျေးရွာ၌ မြေပဲများလှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရွာသစ်ကျေးရွာတွင် ကြက်သွန်နီ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ တို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံဖြစ်သည့် မြေပဲကိုလည်း စိုက်ကေ ၃၅ ကေခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မြေပဲကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလ၊ ပထမပတ်တွင် စတင်တူးဖော်ရကြောင်း၊ မြေပဲမျိုးအနေဖြင့် မြေပဲလုံးဆန်ဖြူ (S1)မျိုးကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခအပါအဝင် တစ်ကေလျှင် ငွေကျပ်ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေပဲတစ်ကေလျှင် ၄၅ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၃၃၀၀၀-၄၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ယခုအချိန်တွင် ရေဝတီမြစ်ကမ်းဘေးရှိ ကိုင်းကျွန်းမြေနုများတွင် ဆောင်းမြေပဲသီးနှံများ စိုက်ပျိုးချိန်ဖြစ်၍ မြေပဲဆန်မျိုးများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲဆန်မျိုး တစ်ပြည်လျှင် ငွေကျပ် ၈၅၀၀-၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် မြေပဲအထွက်နှုန်း နည်းပါးသော်လည်း သီးနှံပေါ်ချိန်တွင် ယခင်နှစ်ထက် ဈေးနှုန်းကောင်းမွန်သောကြောင့် မြေပဲစိုက်တောင်သူများ အကျိုးအမြတ် ပိုမိုရရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## ပခုက္ကူမြို့နယ်၌ ဘူးသီး သီးနှံစိုက်တောင်သူများ ဈေးကောင်းရ၍ အကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ဘူးသီး သီးနှံကို ဘောလုံးခုံ၊ လိပ်ကုန်း၊ ဘွက်ကုန်း၊ သဘော်ကုန်း၊ ညောင်လှ၊ သံပုရာပင်ကုန်း၊ ကျွန်းဦးနှင့် ကျွန်းညိုကျေးရွာတို့တွင် ကေ ၄၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးပင်ကို ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စိုက်ပျိုးကြပြီး ရက်ပေါင်း ၈၀ အကြာတွင် ခူးဆွတ်ရကြောင်း၊ ဘူးပင်စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဘူးသပိတ်နှင့် ဘူးလည်ရှည်များကို အများဆုံးစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ရေဝပ်မြေကို ကြိုက်နှစ်သက်ခြင်းမရှိ၍ စိုက်ပေါင်ဖြင့် ရေသွင်းစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၅ သိန်းအထိ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ဘူးသီးအလုံးရေ ၅၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အလုံးအရွယ်အစားအပေါ်မူတည်၍ ဘူးသီးတစ်လုံးလျှင် လက်ကားဈေးနှုန်း ကျပ် ၁၀၀၀ နှင့် လက်လီဈေးနှုန်း ကျပ် ၁၅၀၀-၂၅၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ ကျော် ရရှိသည်။

ဈေးကွက်အနေဖြင့် စိုက်ခင်းထွက် ဘူးသီးများကို မကွေးမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဘူးသီးဈေးနှုန်းကောင်းမွန်လျက်ရှိပြီး ဘူးသီးအပြင် ဘူးအညွန့်များကိုပါ ရောင်းချရသောကြောင့် တောင်သူများအနေဖြင့် အပိုဝင်ငွေရရှိ၍ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းဥစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ကန်စွန်းဥကို ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကိုးတောင့်အုပ်စု၊ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ပဒေသာကျွန်း၊ ကျီးပင်၊ ကျီးရွာများတွင် စိုက်ကေ ၃၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကန်စွန်းဥကို အောက်တိုဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလ နောက်ဆုံးပတ်တွင် တူးဖော်ကြောင်း၊ ကန်စွန်းဥမျိုးအနေဖြင့် ရွှေဝါနှင့် ငချိပ်မျိုးများကို အများဆုံးစိုက်ပျိုးပြီး တစ်ကေလျှင် ကန်စွန်းညွန့် သုံးသောင်းခန့် စိုက်ပျိုးရကြောင်း၊ မြေအောက်ရေဖြင့် စိုက်ပျိုးမှုအပြင် လိုအပ်ပါကရေသွင်းစိုက်ပျိုးရကြောင်း၊ မြေအနေအထားနှင့် ရာသီဥတုအပေါ်မူတည်၍ ကန်စွန်းဥတူးဖော်ချိန် နောက်ကျလျှင် သီးနှံအချိုအရသာ လျော့နည်းခြင်းနှင့် ကန်စွန်းဥတွင် ပိုးဝင်၍ ပျက်စီးမှုများသောကြောင့် စိုက်ပျိုးပြီး သုံးလအကြာတွင် တူးဖော်ကြောင်း၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်သောကြောင့် မျိုးနှင့် သွင်းအားစုစရိတ်သာကုန်ကျမှုရှိရာ တစ်ကေလျှင် ငွေကျပ် ၄ သိန်းခန့်သာ ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေအထွက်နှုန်းအနေဖြင့် ပိဿာ ၃၀၀၀-၃၅၀၀ ခန့်ထွက်ရှိပြီး ကန်စွန်းဥတစ်ပိဿာလျှင် လက်လီဈေး ငွေကျပ် ၁၈၀၀-၂၀၀၀၊ လက်ကားဈေး ငွေကျပ် ၈၀၀-၁၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ်သိန်း ၂၀ ခန့် အမြတ်ရရှိကြောင်း၊ ယခုနှစ်သီးနှံပေါ်ချိန်တွင် ကန်စွန်းဥအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်ကြောင်း ကန်စွန်းဥစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

### ၂၇ - ၈ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၅၁၄ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၆၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၇၇၅ | ၁၂၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၄ | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၁၁၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၉၈၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၅၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၃၈၀၀ | ၁၇၀၀၀ | ၂၁၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၀၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၅၀ | ၁၁၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၉၅ | ၁၄၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၄၅၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၉၅ | ၁၅၀၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း




## ကံဇော်၏ Myanmar Economy and Development: Its Chances, Choices and Challenges စာအုပ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ဆောင်းပါးရှင် ကံဇော်၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Myanmar Economy and Development: Its Chances, Choices and Challenges စာအုပ်ထွက်ရှိလာသည်။




အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က ထုတ်ဝေပြီး (ပထမတွဲနှင့် ဒုတိယတွဲ) နှစ်အုပ်ပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၅၀၀၀ ဖြစ်သည်။ ပထမတွဲတွင် အခန်း (၈) ခန်း ပါရှိပြီး ဒုတိယတွဲတွင် အခန်း (၁၁)ခန်း ပါရှိပါသည်။

နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ သုတေသနစာတမ်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံရမည့် အကြောင်းအရာများ၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေး၊ အမျိုးသားပေါင်းစည်းရေးဆိုင်ရာမူဝါဒများ အခြေခံ၍ မြန်မာနိုင်ငံ၏ အမျိုးသား ပေါင်းစည်းရေးလေ့လာသုံးသပ်ချက်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သုံးစွဲသည့် Model များ၊ ဈေးကွက်ဆိုင်ရာ သီအိုရီများနှင့် လေ့လာသုံးသပ်ချက်၊ အစာရေစာလုံခြုံမှု၏ အရေးပါသောကဏ္ဍ၊ ဒီမိုကရေစီ လမ်းစဉ်နှင့် မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စသည်ဖြင့် အနှစ် (၄၀) ခန့် သုတေသနပြုစုထားမှုများကို ပထမတွဲ၊ ဒုတိယတွဲ နှစ်တွဲဖြင့် စုစည်း၍ ထုတ်ဝေထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအကြောင်း လေ့လာနေသူများ၊ အာဆီယံစီးပွားရေးဆိုင်ရာ လေ့လာနေသူများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ သုတေသီများအတွက် စိတ်ဝင်စားစွာ ဖတ်ရှုရမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်တစ်အုပ် ဖြစ်သည်။

ဝယ်ယူဖတ်ရှုလိုသူများအနေဖြင့် စာပေဗိမာန်စာအုပ်ဆိုင်များတွင် တန်ဖိုးငွေကျပ် ၄၅၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်



## ပန်းတနော်မြို့၌ ဆုံဆို့ မေးခိုင်နှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများ ကျောင်းအခြေပြုထိုးနှံပေး

ပန်းတနော် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄ ခုနှစ် ကျောင်းအခြေပြု ဆုံဆို့ မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ပန်းတနော်မြို့တွင် တစ်မြို့နယ်လုံးရှိ ကျောင်းများအား နိုဝင်ဘာ ၂၇ ရက်မှ စတင်ပြီး သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး (HPV) ၁၉၈၇ဦး၊ ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT) ၄၄၇၀ ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်ဇော်ထွန်း ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသီတာထက်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## မိုင်းပန်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြော

မိုင်းပန် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း(မိုင်းပန်)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးရန်ပိုင်ထွန်းက မီးခိုးမြူငွေ့ဖြစ်ပေါ်ရခြင်းအကြောင်းရင်းနှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ၊ နယ်မြေတာဝန်ခံတောအုပ် ဦးထွန်းဝင်းက ရာသီဥတုပြောင်းလဲမှု၊ သစ်တောများ၏အရေးပါပုံနှင့် တောအုပ်ဦးစောယုယချိုက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ခန္တီးမြို့နယ် နာတိုက်ကျေးရွာ ရေပေးဝေရေးလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး



ခန္တီး နိုဝင်ဘာ ၂၇

ခန္တီးမြို့နယ် နာတိုက်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်းဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ရေကန်နှင့် ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းထိုက်ဦးသည် နိုဝင်ဘာ ၂၆ ရက်က ခန္တီးမြို့နယ် နာတိုက်ကျေးရွာ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ စိမ့်စမ်းရေ ပေးဝေရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ဖြိုးကျော် (ပုံတောင်မြေ)

## ရွှေလှားစာကြည့်တိုက်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

မြောင်းမြ နိုဝင်ဘာ ၂၇

မြောင်းမြ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်သို့ မလာနိုင်သော ဝန်ထမ်းများနှင့် ပြည်သူများ စာအုပ်စာစောင်များ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် နိုဝင်ဘာ ၂၆ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်၊ မြို့နယ်ကော်မရှင်ဦးစီးဌာနများသို့ သုတ၊ ရသ စာအုပ်၊ စာစောင်မျိုးစုံ သွားရောက်ငှားရမ်းပေးသည်။ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို နှစ်ပတ်လျှင် တစ်ကြိမ်လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်သည်။

မြို့နယ် (ပြန်/ဆက်)

## မိုင်းရှူးမြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေး

မိုင်းရှူး နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်လျှော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဝမ်ဆော့ကျေးရွာ ခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)



ဟောပြောပွဲတွင် လွိုင်လင် မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်မင်းအောင်နှင့် တောအုပ် ဦးအောင်ထွန်းလင်းတို့က နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောပြီး ကျေးရွာပြည်သူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဝမ်ဆော့ကျေးရွာနေ ပြည်သူ ၅၁ ဦး တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သန်းလှ (ပြန်/ဆက်)



ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက် မင်္ဂလာဈေးအတွင်း နိုဝင်ဘာ ၂၇ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးသီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ရန်နိုင်စိုးနှင့် တာဝန်ရှိသူတို့က မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

# ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ဧပြီလမှ နိုဝင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၃၃၇၈၀ ဝင်ရောက်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဧပြီလမှ နိုဝင်ဘာလအတွင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၃၃၇၈၀ ဝင်ရောက်ခဲ့ပြီး ခရီးသွားဝင်ရောက်မှု သိသိသာသာမြင့်တက်လာကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စက်တင်ဘာလတွင်ပြတိုက်သို့ခရီးသည်ဝင်ရောက်မှု လူဦးရေ ၂၀၀၀ ကျော်သာရှိခဲ့သော်လည်း ပွင့်လင်းရာသီကာလ အောက်တိုဘာလမှစ၍ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့လည်း ခရီးသွားဝင်ရောက်မှု ပိုမိုများပြားလာခဲ့ပြီး အောက်တိုဘာလတွင် ပြတိုက်သို့ ခရီးသည်ဝင်ရောက်မှု ၅၀၀၀ ကျော်အထိရှိခဲ့ကာ နိုဝင်ဘာ ၂၆ ရက်အထိ လူဦးရေ ၆၉၀၀ ခန့်ဝင်ရောက်ခဲ့ကြောင်းသိရသည်။ "ပွင့်လင်းရာသီမှာ ပြတိုက်ကို ခရီးသွားဝင်ရောက်မှုက များတယ်။ အခုရက်ပိုင်းက ရုံးဖွင့်ရက်တွေမှာဆို တစ်ရက်ကိုခရီးသွားဝင်ရောက်မှု ၂၀၀ ကျော်လောက်က ပုံမှန်လေးရှိတယ်။ ပိတ်ရက်တွေမှာဆိုတော့ ကျောင်းသားတွေအပါအဝင် ခရီးသွားဝင်ရောက်မှု လူဦးရေ ၄၀၀ ကျော်၊ တချို့ရက်တွေဆို ၈၀၀ ကျော်၊ တန်ဆောင်တိုင်လပြည့်ကျော် ရက်ကဆိုရင် ၁၀၀၀ ကျော်အထိဝင်တယ်။ စက်တင်ဘာလမှာ ပြတိုက်ကို တစ်လလုံးခရီးသွားဝင်ရောက်မှု ၂၀၀၀ ကျော်လောက်ပဲရှိတာ။ အောက်တိုဘာလမှာကျတော့ ၅၀၀၀ ကျော်ဝင်ခဲ့တယ်။ နိုဝင်ဘာ ၂၆ ရက်အထိ ၆၉၀၀ လောက်ဝင်ရောက်ခဲ့တယ်။ ၂၀၂၄ -၂၅ ဧပြီလ က နေ နိုဝင်ဘာ ၂၆ ရက်အထိကတော့ ၃၃၇၈၀ ရှိခဲ့ပြီး ဝင်ငွေအနေနဲ့ ငွေကျပ် ၃၆ သန်းကျော် ရရှိခဲ့တယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ယင်းကဲ့သို့ ခရီးသွားဝင်ရောက်မှုများ ရှိခဲ့ရာတွင် ပြည်ပခရီးဝင်ရောက်မှုအနေဖြင့် တစ်လလျှင် ၃၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး ပြတိုက်ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကာ ၁၂ နှစ်အောက် ကလေးငယ်များနှင့် ကျောင်းထောက်ခံစာပါရှိပြီး လာရောက်လေ့လာသူ ကျောင်းသား ကျောင်းသူများနှင့် ရဟန်း၊ သံဃာများကိုမူ ဝင်ကြေးကင်းလွတ်ခွင့်ပြုထားကြောင်း၊ နိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေး ကျပ် ၁၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။



ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ပုဂံရှေးဟောင်းသုတေသနပြတိုက်သို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၆၄၉၅၁ ဦးရှိခဲ့ပြီး ငွေကျပ် ၇၁၉ သိန်းကျော် ဝင်ငွေရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။ **MT**

# မှော်ဘီမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**မှော်ဘီ နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနကကြီးမှူး၍ နည်းပညာတက္ကသိုလ်(မှော်ဘီ)နှင့် ပူးပေါင်းပြုလုပ်သော ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက နည်းပညာတက္ကသိုလ် (မှော်ဘီ) ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မှော်ဘီ) ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာကေသီလွင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်က ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေး အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သော ရောဂါများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် သစ်တောဦးစီးဌာနကဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ စသည်တို့ကို ဆွေးနွေးဟောပြောပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်(မှော်ဘီ) မှ ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ကောင်းမြတ်သူ (မှော်ဘီ)**

# သုံးခွမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**သုံးခွ နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ သုံးခွမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို သမဝါယမအသင်းစုမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မာမာစီက ဖတ်ကြားတင်ပြခြင်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများအား အသင်းစာရင်းစစ် ဦးစိန်ညွှန့်က ဖတ်ကြားတင်ပြကြသည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက အခြေခံသမဝါယမအသင်းများသို့ အစုပေါ် အမြတ်ခွဲဝေငွေကျပ် ၃၇၀၆၅၄၇ ဒသမ ၁၇ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**

# မြို့နယ်အဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရမည်းသင်း နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကကြီးမှူး၍ ရွှေဒါးကျေးရွာရှိ အမှတ် (၈) အထည်ချုပ်စက်ရုံတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးဘေးလုံခြုံရေးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်းက အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက သဘာဝဘေးအန္တရာယ်နှင့် ရှာဖွေကယ်ဆယ်ရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်း ဦးဆောင်၍ ငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အမှတ်(၈) အထည်စက်ရုံ ဝန်ထမ်းများ၊ မွန်မြက်သူ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **ခရိုင် (ပြန်/ဆက်)**



# သာယာဝတီမြို့နယ်၌ ပန်းကန်စက် ငွေစုငွေချေး သမဝါယမအသင်းနှစ်ပတ်လည်စည်းဝေး

**သာယာဝတီ နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပန်းကန်စက် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကျွဲသတ်အုပ်စုအင်းရွာရှိ အမှတ်(၃၄) အကြီးစားစက်မှုဝန်ကြီးဌာန ပန်းကန်စက်စက်ရုံ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်က သမဝါယမလုပ်ငန်းများဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အသင်းအဖွဲ့၏အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုပြီး ပညာသင်ထောက်ပံ့ငွေကျပ်နှစ်သိန်းနှစ်သောင်းနှင့် စုဆောင်းငွေပေါ် အတိုးငွေကျပ် တစ်ဆယ့်ငါးသိန်းနှစ်သောင်းခြောက်ထောင်ကျော် စုစုပေါင်းငွေကျပ် တစ်ဆယ့်ခုနစ်သိန်းလေးသောင်း ခြောက်ထောင်ကျော်အား တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဆက်လက်၍ အသင်းအမှုဆောင်သစ်ရွေးချယ်ခြင်းကို မြို့နယ်ဖွဲ့စည်းရေးကော်မတီအဖွဲ့က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းတွင် အမျိုးသားများရှိသည့် နေအိမ်များကို ကျပ်ငွေတစ်သိန်းမှစတင်ကာ ကျေးရွာရာအိမ်မှူးက ငွေကြေးကောက်ခံလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စု၊ ကွင်းချောင်းကြီးကျေးရွာတွင် ကျေးရွာရာအိမ်မှူးက တပ်နှင့်ပေါင်းကာ အမျိုးသားများရှိသည့် နေအိမ်များကို ပြည်သူ့စစ်မှုထမ်း အကြောင်းပြ၍ ငွေများတောင်းယူလျက်ရှိကြောင်း မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ထုတ်ပြန်ထားသော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးတောင်းခံခြင်း၊ အဓမ္မဖိအားပေး စုဆောင်းခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုကို သွေးထိုး လှုံ့ဆော်လျက်ရှိပြီး ပြည်သူလူထုမှ လိုက်ပါဆောင်ရွက်မှု မရှိစေရေး၊ အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူလူထု၏ထောက်ခံမှု ကျဆင်းစေရေး သတင်းအမှားများကို ဝါဒဖြန့်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရှင်းမြို့နယ် နွားဘန်ကြီးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် ရွှာင်မြို့နယ်ရှိ နွားဘန်ကြီး ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူခြောက်ဦးကို နိုဝင်ဘာ ၂၆ ရက်တွင် ဖမ်းဆီးထားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား၍ ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရွှာင်မြို့နယ်အတွင်း သောင်းကျန်းသူများ စိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Wana” Telegram အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်ကျုံးကျေးရွာနေ အောင်မျိုးလွင်အား ဆတ်သွားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၂၇**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သမဝါယမ အသင်းစုလီမိတက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က သမဝါယမ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆောင်းဆီထွက်သီးနှံ နေကြာများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီမြင့်က သမဝါယမ၏ လုပ်ငန်းစဉ်များ၊ ကြွေးကျန်ကောက်ခံမှု အခြေအနေနှင့် လက်ရှိ ဆောင်ရွက်နေသော သမဝါယမအသင်းများသို့ ပံ့ပိုးဆောင်ရွက်မှု အခြေအနေတို့ကို ပြောကြားသည်။



ဆက်လက်၍ ကျောင်းကုန်းမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာများကို သမဝါယမ အမှုဆောင်များက ရှင်းလင်းဖတ်ကြား တင်သွင်းကြသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေး ရှင်းတမ်းအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသူရနိုင်က ဖတ်ကြားတင်သွင်းပြီး ဝေဖန်ဆွေးနွေး အကြံပြုချက်များကို သဘာပတိက အတည်ပြုချက် ရယူခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ သမဝါယမမွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် နိုဝင်ဘာ ၂၇**

ပြည်နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ် သမဝါယမဦးစီးဌာန (မော်လမြိုင်မြို့)က ကြီးမှူး၍ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက်က မော်လမြိုင်မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။ (ယာပုံ)



သင်တန်းဖွင့်ပွဲတွင် ပြည်နယ် သမဝါယမဦးစီးဌာနမှ လုပ်ငန်းစစ်ဆေးရေး ဦးစီးအရာရှိက အမှာစကား ပြောကြားသည်။ ယင်းနောက် မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြတ်မြတ်မွန် က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်းများအား အသင်းကိုယ်တိုင် စာရင်းရေးဆွဲနိုင်ရေး အပြင် ဦးစီးဌာနမှ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများ၊ သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေများ သမဝါယမ ဘာသာရပ်များကို သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ သမဝါယမ မွမ်းမံသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ် သင်ကြားပေးပြီး မြို့နယ် သမဝါယမဦးစီးဌာန လက်အောက်ရှိ အခြေခံသမဝါယမ အသင်းများအား အသင်းကိုယ်တိုင် စာရင်းရေးဆွဲနိုင်ရေး အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)

### ၂၇ - ၁၁ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၅၀၉၈ | ၄၂၈၂၅၆၀၀ |
| MTSH | ၃၃၀၀ | ၃၃၃၀ | ၉၁ | ၃၀၀၃၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂၆၁ | ၂၁၉၂၄၀၀ |
| FPB | ၂၀၀၀ | ၂၀၀၀ | ၁၄၁ | ၂၈၂၀၀၀ |
| TMH | ၃၁၅၀ | ၃၁၅၀ | ၅ | ၁၅၇၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၅၂၅ | ၉၁၈၇၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၂၅၀ | ၃၂၅၀ | ၅၂၆ | ၁၇၀၉၅၀၀ |
| MADPL (PLB) | ၃၄၀၀ | ၃၄၀၀ | ၀ | ၀ |

## ကျောင်းသုံးဗလာစာအုပ်များ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၇**

သမဝါယမကဏ္ဍမှ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် စာမျက်နှာ (၈၀) နှင့် စာမျက်နှာ (၁၂၀)ပါ ကျောင်းသုံးဗလာစာအုပ်များကို မိုးဦးပန်း အထွေထွေရောင်းဝယ်ရေးသမဝါယမ အသင်းဆိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမ အရောင်းဆိုင်များတွင် သမဝါယမအသင်းသားများနှင့် ပြည်သူများသို့ ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆက်လက်ဖြန့်ဖြူးလိုပါက စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5509 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9783 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/51947, Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၉/ပမန(နိုင်)၂၂၀၃၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

တာချီလိတ်မြို့၊ ပုန်းထွန်ရပ်ကွက်၊ အိမ်အမှတ်(၉/၁၇)၊ စိန်ပန်းလမ်းနေ ကျွန်မ ဒေါ်မြင့်မြင့်ချို(၁၃/တကန(နိုင်)၀၃၄၁၂၁) ၏ သားဖြစ်သူ ဦးကျော်မြင့်ဦး (၁၃/တခလ(နိုင်)၀၆၀၀၃၅) သည် မိခင်၏ဆိုဆုံးမမှုအားအကြိမ်ကြိမ်နာခံခြင်းမရှိဘဲ၊ မိခင်အား စိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာကျများ ကျဆင်းအောင် အမျိုးမျိုး ပြုလုပ်ခြင်းတို့ကြောင့် ၎င်းအားကြော်ငြာပါသည့် ရက်မှစ၍ သားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့် ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်မြင့်မြင့်ချို**
**(၁၃/တကန(နိုင်)၀၃၄၁၂၁)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် လ-၅၊ ဦးပိုင်အမှတ် (၆၈/ခဲစင်း)၊ ၇၀x၇၀ လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဦးလှမြင့် အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးလှမြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၁၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ ၉/မရက(နိုင်)၀၁၂၆၆၀က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၀၅၂/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်းသက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂

| | | |
|---|---|---|
| ဒေါ်ဖြူနှင်းအိ | နှင့် | ၁။ ဒေါ်ဖြူဖြူသွယ်<br>၂။ ဒေါ်မေသက်ထွေး<br>၃။ ဦးထွန်းထွန်းဦး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၁)လမ်း၊ အမှတ်(၁၀၉)နေ (၁)တရားပြိုင် ဒေါ်ဖြူဖြူသွယ်၊(၂)တရားပြိုင် ဒေါ်မေသက်ထွေးနှင့် (၃)တရားပြိုင် ဦးထွန်းထွန်းဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၃ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်များမှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမွန်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ် (၅၇)/ပန်းဘဲတန်း၊ ဦးပိုင်အမှတ် -(၁၀၃/င) မြေချိန် ဧရိယာ(၀.၀၅၂)ကေရှိ ဘိုးဘပိုင်မြေကွက်သည် ဒေါ်ငွေးငွေးဝင်း(ခ) ဒေါ်ဝင့်ဝင့်ထွန်းမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ဒေါ်ငွေးငွေးဝင်း (ခ)ဒေါ်ဝင့်ဝင့်ထွန်းထံမှ ဦးပြေငြိမ်းသည် မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်-၄၆၆/၂၀၂၄အရ ဒေါ်ငွေးငွေးဝင်း(ခ) ဒေါ်ဝင့်ဝင့်ထွန်းထံမှ တရားဝင်ဝယ်ယူခဲ့ပြီး ဖြစ်ပါ၍ ဦးပြေငြိမ်း အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရရှိပါက ဦးပြေငြိမ်းမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊**
**မော်လမြိုင်မြို့၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ဆဆ-၁၁၊ ဦးပိုင်အမှတ် (၁၉/ခဲစင်း)၊ ၄၈x၄၉လမ်းကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တကက ကျော်ဝင်း(ခ) ဦးကျော်ဝင်း၏ (SP ရရှိသူ ဒေါ်ခင်ခင်လတ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၁၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းဆွေ ၉/ခမစ(နိုင်)၀၄၃၆၆၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၀၄၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဖလံ ပင်ကုန်းကျေးရွာနေ ဦးဝင်းနိုင် ၉/စကန(နိုင်)၀၅၂၉၀၀ စိုက်ပျိုးလုပ်ကိုင်သော် မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄၈-ဆ၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ (၃ဒသမ၃၄)ကေရှိ ယာမြေမျိုးသည် လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမိတ္တူမှန်ပြန်လည် လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဝင်းနိုင်**
**(ဖုန်း-၀၉-၆၈၅၀၄၅၈၉၉)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၉၁၁, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ မမေစီစိုး ၆/မမန(နိုင်) ၁၄၄၈၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## မွေးသက္ကရာဇ်အမှန်

ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာနေ ဦးအောင်အောင်နှင့်ဒေါ်မော်မော်ထွေး တို့၏သမီး မအေးမြနန္ဒာ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်စာရင်းအရ ၁၂-၉-၂၀၀၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဇော်မျိုးအောင်နှင့်ဒေါ်ကြူကြူလွင်တို့၏သား မြိတ်မြို့၊ အထက(ခွဲ)ရွှေပေး Grade-4 မှ မောင်ကောင်းပြည့်ဖြိုးအား ယနေ့မှစ၍ မောင်ကောင်းပြည့်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းပြည့်စိုး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ် ၆၄၂၊ ဦးပိုင်အမှတ်(၇၁-ခ)၊ ၃၅x၃၆လမ်းကြား၊ ၇၆x၇၇ လမ်းကြားရှိ ဦးသိန်း၊ မပေါ(ခ)မစပါယ် အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်းဖြစ်သူ ဦးသိန်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၁၈၃/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပေါမြိုင်(ခ)ဒေါ်ပေါ(ခ) ဒေါ်စပယ် ၉/မရတ(နိုင်)၀၅၆၂၈၉က အမှုတွဲအမှတ် (၀၅၇၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ /အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၅၃(ခ)၊ ဦးပိုင်အမှတ် (၁၀၆/၁.၁၀၇) စုစုပေါင်းဧရိယာ (၃.၁၉)ကေအကျယ် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁)ဦးခင်မောင်ဝင်း (၇/အတန(နိုင်)၀၁၃၀၈၄) အုတ်တွင်းမြို့နေသူနှင့် (၂) ဦးဇော်ဖေအောင် (၇/ပခန(နိုင်)၀၆၄၅၃၀) ပဲခူးမြို့တွင် နေထိုင်သူတို့က ပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထွေထွေစက်မှုလုပ်ငန်းသုံးမြေအဖြစ် အသုံးပြုရန် ခွင့်ပြုမိန့်ချထားပြီး ပဲခူးမြို့နယ် မြေစာရင်းဦးစီးဌာနတွင်လည်း ဦးခင်မောင်ဝင်းနှင့် ဦးဇော်ဖေအောင်တို့နှစ်ဦး အမည်ပေါက်မြေကွက် ဖြစ်ပါသည်။

အထက်ပါမြေကို Sin Fin Co.ltd. Plot(C-7) Mingaladon Industrial Park; Mingaladon Towship, Yangon သို့ လွှဲပြောင်းရောင်းချရန် စရန်ငွေရယူထားပြီး ဝယ်ယူသူ Sin Fin Co.ltd ကိုယ်စား ဒေါ်နန်းစန်းစန်းထွေး (၁၃/သပန(နိုင်)၀၆၂၆၅၄) သို့ ရောင်းချသည့်မြေကွက်ကို အငှားဂရန်လျှောက်ထားပေးရန် အထူးကိုယ်စားလှယ်လွှဲစာများ တရားဝင်လွှဲအပ်ပေးခဲ့ပါသည်။

ရောင်းချသူများအမည်ဖြင့် ဂရန်ရရှိသောအခါတွင်မှ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုရန်နှင့် ကျန်ငွေပေးချေရန်ရှိသည်များကို အပြီးအပြတ်ပေးချေရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ဝယ်ယူသူသည် စရန်ပေးစာချုပ်များ ချုပ်ဆိုသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ(၁၀)ရက်နေ့နှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(၃၀) ရက်မှ ယနေ့တိုင် (၄)နှစ်ကျော်ကြာမြင့်သည်အထိ ရောင်းချသူအမည်ပေါက် မြေငှားဂရန်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိ၍ ကျန်ငွေကိုပေးချေပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချသည့် စာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ကြခြင်း မရှိပါ။ ရောင်းချသည့်ပစ္စည်းကို ရောင်းချသူများကသာ တရားဝင်ပိုင်ဆိုင်နေဆဲဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေကွက်ကို ရောင်းချသူများက မိမိတို့ အမည်ပေါက်မြေဂရန် ရရှိရန်အတွက်သာ စရန်ပေးသူက လျှောက်ထားရန် အထူးကိုယ်စားလှယ်စာ လွှဲအပ်ပေးထားခြင်းသာဖြစ်၍ ဒေါ်နန်းစန်းစန်းထွေးနှင့် Sin Fin Co.ltd တို့က မြေကွက်ကို ပြန်လည်လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးခင်မောင်ဝင်းနှင့် ဦးဇော်ဖေအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၂၅/၈၆)**
**အမှတ်(၁၁၇၇)၊ ဆိုရှယ်လစ်(၈)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၅၃၀၂၂၆၃**

## ဒေါ်စပယ်အောင် (၇/တငန(နိုင်)၀၀၀၅၅၃)၊ မပြည့်ဖြိုးစံ (၇/ပခန(နိုင်)၃၄၄၆၆၀)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ စင်ကာပူနိုင်ငံရှိ Kay-Tu Mayanmar Cuisine Pte,Ltd., ကေတုမြန်မာထမင်းဆိုင်အား ဆိုင်ခွဲ(၁) 90 Boon Lay Place, Savoy Theatre,#01-07,Singapore(649884)တွင်လည်းကောင်း၊ ဆိုင်ခွဲ(၂) 5 Soonlee Street,#01-06,Kim San Leng Food Court, Singapore (627607) တွင်လည်းကောင်းဖွင့်လှစ်ထားရှိသူ ပိုင်ရှင်များဖြစ်ကြသော ဦးသက်မိုး ၇/တငန(နိုင်)၀၇၄၄၆၄နှင့် ဒေါ်ကေသီအောင် ၇/တငန(နိုင်) ၀၄၁၄၆၇တို့၏ လွှဲအပ်ညွှန် ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်မိုးနှင့် ဒေါ်ကေသီအောင်တို့ စင်ကာပူနိုင်ငံတွင် နေထိုင်ကာ အထက်ပါစီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် ပဲခူးမြို့၊ မဂ္ဂတစ်တိုက်၊ အမှတ်(၁၂/၁၅)နေ ဒေါ်စပယ်အောင် ၇/တငန(နိုင်) ၀၀၀၅၅၃ နှင့် မပြည့်ဖြိုးစံ ၇/ ပခန(နိုင်)၃၄၄၆၆၀တို့ အပါအဝင် အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်း၊ အကျိုးတူလုပ်ငန်းဆောင်ရွက်ခြင်း အလျဉ်းမရှိပါ။ ဒေါ်စပယ်အောင်နှင့် မပြည့်ဖြိုးစံတို့၏ ပုဂ္ဂလိကငွေကြေး အရှုပ်အရှင်းကိစ္စများသည်လည်း ကျွန်ုပ်၏မိတ်ဆွေများနှင့် ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း လုံးဝ( လုံးဝ) မရှိသကဲ့သို့ တာဝန်ယူဖြေရှင်းပေးခြင်းပြုမည် မဟုတ်သည့်အပြင် အထက်ပါ ကျွန်ုပ်မိတ်ဆွေ၏ ကုမ္ပဏီအမည်နှင့်လုပ်ငန်းရှင်အမည်များအား အလွဲသုံးစားပြု သုံးစွဲခြင်းပြုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး၊၎င်းတို့နှစ်ဦးနှင့်သာ သက်ဆိုင်သည့် ကိစ္စများနှင့်ပတ်သက်၍ Facebook အပါအဝင် လူမှုကွန်ရက်များ၊ ကျွန်ုပ်မိတ်ဆွေ၏ Personal Page, Kay-Tu Myanmar Cuisine Pte,Ltd.၏ Business Page များတွင် ကျွန်ုပ်မိတ်ဆွေများ၏ စီးပွားရေးလုပ်ငန်းနှင့်ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းစေရန်၊ အသရေပျက်စေရန် ရည်ရွယ်၍ တစ်နည်းနည်းဖြင့် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ Post တင်ခြင်းများမပြုလုပ်ရန်နှင့် ကျွန်ုပ်မိတ်ဆွေများ၏အမည်နှင့် Kay-Tu Myanmar Cuisine (ကေတုမြန်မာထမင်းဆိုင်) လုပ်ငန်းအမည်ကောင်းတန်ဖိုးကို ထိခိုက်နစ်နာစေရန် ပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်စပယ်အောင်၊ မပြည့်ဖြိုးစံနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၃၈)**
**အမှတ်(၅၆၃)၊ အခန်း(၉၀၄)၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၇၈၇၁၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရပ်ကွက်အမှတ်(၂၅E၇)၊ လူနေရပ်ကွက်အမှတ်-၅၇၊ မြေကွက်အမှတ်-၈/၉ဟု မှတ်သားတည်ရှိသည့် အလျား(၃၀)ပေ x အနံ(၆၀)ပေ အကျယ်ရှိ မြေကွက်အား တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်သန်းမြင့်(ဘ) ဦးမောင်ဝင်း ၁၂/ကမတ(နိုင်)၀၄၀၄၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်လေး ၁၂/ပဘတ(နိုင်) ၀၀၅၅၆၉ က ရောင်းကြေးငွေအပြည့်အဝ ပေးချေဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၅၁၈၅)**
**ဖုန်း-၀၉-၇၈၃၆၆၇၅၂၊ ၀၉-၄၂၁၀၆၅၄၁၅**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်(၅/ရွှေမြင်းဝန်အကွက်)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ဒသမ၅၇၈)ကေရှိ မြေကွက်သည် ဦးရွှေလှိုင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်ဦးရွှေလှိုင်ထံမှ ဒေါ်သိမ့်သူဝင်း၃/မဝတ(နိုင်)၀၂၂၈၇၀+ဒေါ်နန်းအိရွှေစင်ထွန်း ၃/မဝတ(နိုင်) ၀၂၅၇၉၈က (၁၀-၁-၂၀၂၃)ရက်စွဲပါစာချုပ်အမှတ်(၃/၂၀၂၃)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်ခွဲစိတ်/ခွဲစိတ်အမည်ပြောင်း ဂရန်လျှောက်ထားမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်-နန-၂၂၊ ဦးပိုင်အမှတ် ၂၇/၆၇x၆၈ကြား၊ ၁၃၃x၁၃၄ကြားရှိ ဒေါ်ခင်မူဝင်းအမည်ပေါက် တောဂရန် မြေကွက်အား ဖခင်ဦးလှမောင်၊ မိခင် ဒေါ်ခင်မူဝင်း၊ သား ဦးအောင်အောင် (လူပျို/ဘ၀)တို့ကွယ်လွန်၍ ကျန်ရစ်သောသမီးဖြစ်သူ ဒေါ်သော်သော် ၉/မရမ(နိုင်)၀၀၂၆၇၂က တောဂရန် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၁-၁၁-၂၀၂၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ - ၃၀ တွင် ပါရှိသော အထက်တန်းရှေ့နေ ဦးရဲဝင့်နောင် ( စဉ် - ၄၁၀၂၇ ) နှင့် လွှဲအပ်ညွှန်ကြားသူ ဦးမြင့်ဦးငွေ (ခ) ဦးမြင့်ဦး ( ၁၂/ဗတထ (နိုင်) ၀၁၃၁၁၂ )တို့၏ အများ သိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ချိုမာမြင့် (၁၂/လကန(နိုင်) ၀၅၉၇၇၂ )၊ ဒေါ်နီလာမြင့် (၁၂/လမန(နိုင်) ၀၂၇၁၃၅၊ ဒေါ်ဥမ္မာမြင့် (၁၂/သဃက(နိုင်)၁၀၂၃၈၄)နှင့် ဒေါ်ဖြူဖြူမြင့် (၁၂/သဃက(နိုင်) ၁၀၂၅၂၀)တို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါ **"အများသိစေရန်ကြေညာခြင်း"** နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း တုံ့ပြန်ကြေညာမှုပြုသည်မှာ -

၁။ အဆိုပါ **"အများသိစေရန်ကြေညာခြင်း"**တွင် ဖော်ပြပါရှိလာသည့် **"နေအိမ်ပိုင်ဆိုင်ခွင့် စာအုပ် (၂) အုပ် လက်ဝယ်ရှိသူ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ယင်းနေအိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ရောင်းမှားဝယ်မှား မဖြစ်စေရန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်"**ဟူသောစာသား၊ စကားရပ်များသည် သင်္ဃန်းကျွန်းခရိုင်တရားရုံးက တရားမကြီးမှုအမှတ် - ၁၀၂၀/၂၀၂၂ အမှုတွင် ချမှတ်ခဲ့သော ၂၃-၇-၂၀၂၄ ရက်စွဲပါ ပဏာမဒီကရီကို တမင်သက်သက်ဆန့်ကျင်မလိုက်နာရာရောက်သဖြင့် တရားမဆိုင်ရာ မထီမဲ့မြင်ပြုမှုမြောက်နေသည့်စာသား၊ စကားရပ်များ ဖြစ်နေသည်မှာ ထင်ရှားပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၅) ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် (၂၀၁/၃) ရှိ နေအိမ်တိုက်ခန်းကို တရားရုံး၏ ဒီကရီအရ ကျွန်ုပ်၏မိတ်ဆွေများနှင့် ဦးမြင့်မောင်တို့ အမွေဆက်ခံရရှိထားသဖြင့် အဆိုပါနေအိမ်တိုက်ခန်းအပေါ် စီမံခန့်ခွဲဆောင်ရွက်နိုင်ခွင့်မှာ သက်ဆိုင်ရာ တရားရုံးတော်နှင့် ကျွန်ုပ်၏မိတ်ဆွေများနှင့် ဦးမြင့်မောင်တို့၌သာ ရှိပါသည်။ ယင်းသို့ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်အပေါ် တရားရုံးတော်မှလွဲ၍ မည်သူကမျှ ကန့်သတ်တားဆီးပိတ်ပင်ခွင့်မရှိသဖြင့် ဦးမြင့်ဦး၏ ညွှန်ကြားချက်အရ ရှေ့နေ ဦးရဲဝင့်နောင်၏ ကြေညာချက်သည် အများပြည်သူတို့အား အထင်အမြင် လွဲမှားစေသည့်အတွက် တရားစီရင်ခြင်းကို အနှောင့်အယှက်ပြုရာ ရောက်သည့်အပြင် တားဆီးပိတ်ပင်ခွင့်မရှိ သည့်ကိစ္စအပေါ် တားဆီးပိတ်ပင်သည့် ကြေညာချက်ဖြစ်သည်မှာ ထင်ရှားပါသည်။

၃။ အဆိုပါ **"အများသိစေရန် ကြေညာခြင်း"**တွင် လုပ်အားပေးမှတ်တမ်း၊ စာအုပ် (၂)အုပ်ကို နေအိမ်ပိုင်ဆိုင်ခွင့် စာအုပ်များဖြစ်သည်ဟု မမှန်မကန် ဖော်ပြထားသည့် စာသား၊ စကားရပ်သည် အများပြည်သူ တို့အား အထင်အမြင် လွဲမှားစေသည့် စာသား၊ စကားရပ်ဖြစ်နေသည်မှာလည်း ထင်ရှားပါသည်။

၄။ သို့ဖြစ်သောကြောင့် ၂၁-၁၁-၂၀၂၄ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ - ၃၀ တွင် ပါရှိသော ဦးမြင့်ဦး၏ ညွှန်ကြားချက်အရ ရှေ့နေ ဦးရဲဝင့်နောင်၏ **"အများသိစေရန်ကြေညာချက်"**ကို ၅ ၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ အတိအလင်းပြန်လည်ရုပ်သိမ်းပေးရန် အသိပေးအပ်ပါသည်။ ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ မလွှဲမရှောင်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစည်သူကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၁၇၅၂၇ )**
**အမှတ် ( ရ/၁၄) ၊ မေတ္တာလမ်း၊ တိုးချဲ့ (၄) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉- ၇၉၄၆၀၂၁၄၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/1667 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4445 ယာဉ်လက်ဝယ်ရှိသူ ဦးစောဖိုးရှား ၇/ရကန(နိုင်) ၀၂၅၀၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ မြေနှင့်အဆောက်အအုံငှားရမ်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ-မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၁၅)မှ ဦးစစ်ကိုင်းဝန်ထမ်းအိမ်ရာဝင်းရှိ မြေဧရိယာ(၀ဒသမ၁၆)ဧကနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈၁၃)ရှိ မြေဧရိယာ (၀ဒသမ၂၃၈)ဧကနှင့် အဆောက်အအုံတို့အား ပုဂ္ဂလိကသို့ ငှားရမ်းရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်/နေရာ** | - ၂-၁၂-၂၀၂၄ရက် (တနင်္လာနေ့) ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း |
| (ခ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၆-၁၂-၂၀၂၄ရက် (တနင်္လာနေ့) ညနေ ၁၆:၀၀နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ကြေညာပေးပါမည်။ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - ရုံးအမှတ်(၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ နေပြည်တော် |

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များဖြင့် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇၃-၄၀၈၀၆၇၊ ၀၆၇၃-၄၀၈၁၈၇**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4445 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းစဉ့်ငူရပ်ကွက်၊ ၅ခန်းတွဲ(၅)လမ်း၊ အမှတ်(၅/၁၀)၊ အကျယ်အဝန်း(၂၈.၅ပေ x ၄၀ပေ)ရှိ သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိလက်ဝယ်ထားပိုင်ဆိုင်ပြီး ဆက်စပ်စာချုပ်စာရွက်စာတမ်းများ မှန်ကန်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်ပြုံးပြုံးဆင့် ၁၂/အစန(နိုင်)၀၁၁၀၂၄မှ ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင် ၅/ဘတလ(နိုင်) ၀၈၉၉၇၆မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်စိုး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၆)**
**အမှတ်(၂၁၆/ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း-၀၉-၄၅၆၂၂၂၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်ရှိ မြေကွက်အမှတ် (ပ-၁၆၈၂)ကို အမည်ပေါက် ဦးညွန့်ရွှေ (ဘ)ဦးဘလွန်း ၁၂/မဂဒ(နိုင်)၀၀၆၁၆၅နှင့် ဦးစိုးမင်းနိုင်(ဘ)ဦးတက်တိုး ၉/ပဗသ(နိုင်)၀၀၂၃၆၃တို့ (၂)ဦးမှ အမည်ပေါက် ပိုင်ဆိုင်ထားပြီး အဆိုပါအမည်ပေါက် (၂)ဦးအနက်မှ ဦးညွန့်ရွှေ ကွယ်လွန်သွားပါသဖြင့် ဦးညွန့်ရွှေ (ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်သိန်းသိန်း(ဘ)ဦးဟန်တိန် ၁၂/မဂဒ(နိုင်)၀၅၁၅၆၂နှင့် ဦးစိုးမင်း(ဘ)ဦးတက်တိုး ၉/ပဗသ(နိုင်)၀၀၂၃၆၃တို့မှ ၎င်းတို့အမည်ဖြင့် မှတ်ပုံတင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ)၊ မြေငှားစာချုပ်(မိတ္တူ)၊ ဦးညွန့်ရွှေ၏ သေဆုံးမှုလက်မှတ်(မိတ္တူ)၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊မြေငှားရမ်းခပြေစာတို့တင်ပြ၍လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၀၅၅) ဧက၊ မြေကွက်အမှတ် (ဥ-၇၇၈၁)၊ ဒေါ်အေးမျိုးသင်း (ဘ)ဦးဝင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဇွန်နုရည်လှိုင် ၉/သစန(နိုင်)၁၁၃၈၈၅(ဘ) ဦးဝါလားမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၄၃/၂၀၂၂ (၆-၉-၂၀၂၂)တင်ပြ၍ ဦးအောင်မင်းသိမ်း ၉/ပကခ(နိုင်)၀၀၃၆၀၅ (ဘ)ဦးအေးကျော်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

